# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော(အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ စနေနေ့။ Saturday, 11 May 2019 ၉၆၄၆


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားတက်ရောက်ရန် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့အား ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီး H.E. Mr. Chu Ngoc Anh၊ ဗီယက်နမ် ဗုဒ္ဓသံဃအဖွဲ့ အမြဲတမ်းဒုတိယဥက္ကဋ္ဌ Most. Ven. Thich Thanh Nhieu နှင့် တာဝန်ရှိသူများက Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ဟနွိုင်း မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင် အလုပ်သဘောခရီး သွားရောက်ရန်နှင့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားတက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်း၏ ဘိုးဘွား မိဘများ တည်ထားကိုးကွယ်ခဲ့ကြသည့် စေတီတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်းနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်း၏ ဘိုးဘွား မိဘများ တည်ထားကိုးကွယ်ခဲ့ကြသည့် သစ္စာအောင်၊ မေတ္တာအောင်၊ ပညာအောင် စေတီတော်များအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။

**နေပြည်တော် မေ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဇဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက်အတွင်း၌ ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ဘိုးဘွား မိဘများ တည်ထားကိုးကွယ်ခဲ့ကြသည့် သစ္စာအောင်၊ မေတ္တာအောင်၊ ပညာအောင် စေတီတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်းနှင့် ငြိမ်းချမ်းရေးတံခွန်တိုင်၊ ငြိမ်းချမ်းရေးခေါင်းလောင်းတော် ရေစက်ချ

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

**ကြေးမုံ ယနေ့ သတင်း**

**လယ်ယာသီးနှံ စိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုထွန်းကားလာစေရေး ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆို တင်သွင်း**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၈

**အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသည့်ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်လျက်ရှိ**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၉




# ကြေးမုံ

## အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မေလ ၉ ရက်နေ့က မကွေးမြို့ခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေးနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားခဲ့သည်။

ပြည်သူ့အစိုးရအနေဖြင့် နိုင်ငံတော်၏တာဝန်စတင်ယူစဉ်ကတည်းက အလုပ်အကိုင်ဖန်တီးရေးကို ပထမဦးစားပေးရည်မှန်းချက်အဖြစ် သတ်မှတ်ကာ ပြည်သူများ၏ လူမှုစီးပွားမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းမှုသည် လူမှုဘဝမြင့်မားတိုးတက်စေပြီး ဆင်းရဲမှုကို လျော့ကျစေသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်သူအများစုမှာ ဆင်းရဲနွမ်းပါးကြပြီး ဆင်းရဲနွမ်းပါးသူများမှာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်ဒေသနေပြည်သူများဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံဖွံ့ဖြိုးခြင်းသည် ဆင်းရဲမှုကိုလျှော့ချရန်ဖြစ်သဖြင့် အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဆင်းရဲမှုလျှော့ချရန် ကတိကဝတ်ပြုပြီး ကျယ်ပြန့်သောနည်းဗျူဟာများဖြင့် အကောင်အထည်ဖော်ခဲ့သည်။

ဆင်းရဲမှုကို ၂၀၀၅ ခုနှစ်တွင် လူဦးရေ၏ သုံးပုံတစ်ပုံ၊ ၂၀၀၉ ခုနှစ်တွင် လူဦးရေ၏ လေးပုံတစ်ပုံ၊ ၂၀၁၅ ခုနှစ်တွင် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအောက်အထိ လျော့ကျအောင်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် မြို့ပြနှင့် ကျေးလက် ဆင်းရဲမှုကွာဟချက်ရှိနေပြီး ၂၀၁၅ ခုနှစ်တွင် မြို့ပြဆင်းရဲမှု ကိုးရာခိုင်နှုန်းနှင့် ကျေးလက်ဆင်းရဲမှု ၂၃ ရာခိုင်နှုန်းရှိနေရာ ပိုမိုတိုးတက်အောင် ဆောင်ရွက်နေသည်။

ဆင်းရဲမှုသည် စီးပွားရေးအခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ နည်းပါးသောကြောင့်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် ရွှေ့ပြောင်းသွားလာခြင်းသည် အဓိကအချက်ဖြစ်သည်။ အလုပ်အကိုင်ရှားပါးသဖြင့် မိမိတို့၏နေရပ်ကိုစွန့်ခွာပြီး အခြားအရပ်ဒေသများတွင် အလုပ်လုပ်ကိုင်ခြင်းသည် ဖွံ့ဖြိုးမှုနိမ့်ကျခြင်းနှင့် ဆင်းရဲမှုကို ပိုဖြစ်စေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြသူများအပြင် နေရပ်တွင်ကျန်ရှိနေခဲ့သည့် မိသားစုဝင်များ အကျိုးဖြစ်ထွန်းစေရေးအတွက် တရားဝင်၍ အဆင်ပြေချောမွေ့မှုရှိပြီး လုံခြုံစိတ်ချမှုရှိသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေးကို ဆောင်ရွက်ပေးနေသလို နိုင်ငံတစ်ဝန်းလုံးတွင် လူမှုစီးပွားမြင့်မားတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် အခြေခံအဆောက်အအုံများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဖန်တီးဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် နယ်မြေဒေသများမှ ဒေသခံပြည်သူများ ဘဝရပ်တည်ရှင်သန်ရေးအတွက် နေရပ်စွန့်ခွာ အလုပ်လုပ်ကိုင်နေရမှုများကို စာနာထောက်ထားပြီး မိသားစုများ တစ်ပေါင်းတစ်စည်းတည်းအားဖြင့် ကိုယ့်မြို့ကိုယ့်ရွာများတွင် အလုပ်လုပ်ကိုင်နိုင်ရေးနည်းလမ်းများကို လမ်းမှန်ညွှန်ပြပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရက အခွင့်အလမ်းတိုးတက်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေးအကောင်အထည်ဖော်နေသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာပြီး လျှပ်စစ်မီးရရှိရေးကို နိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံမိစေရန် စီမံကိန်းနှစ်အလိုက်ဆောင်ရွက်နေသည်။ ဆက်လက်၍ နယ်မြေဒေသများအတွင်း စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာအောင် လမ်းဖွင့်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းလာမည့်အခြေအနေများ ပေါ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒို့မြို့ ဒို့ရွာမှာ အလုပ်အကိုင်များ ပေါများပါသည်ဟု ဆိုကြရအောင် အခြေအနေကောင်းများဖြစ်ပေါ်လာစေရန်အတွက် နိုင်ငံတော်အစိုးရက ဖန်တီးပေးနေသော အခြေအနေကောင်းများကို ရယူအသုံးချ၍ ရင်းနှီးမြှုပ်နှံမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်တိုးတက်အောင်ကြိုးပမ်းပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်သူများအပေါ်ထားရှိသည့် မျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏခရိုင် အခြေခံပညာမူလတန်းအဆင့် တတိယတန်း(Grade-3)သင်ရိုးသစ် မြို့နယ်အဆင့်ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် အခြေခံပညာမူလတန်း အဆင့် တတိယတန်း(Grade-3) သင်ရိုးသစ် မြို့နယ်အဆင့် ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။




အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပညာရေးမှူး ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား မူလတန်းပြ ဆရာ ဆရာမများ တက်ရောက်ကြသည်။

### ဆွေးနွေးညှိနှိုင်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အခြေခံပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှု အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် သင်ရိုးသစ်အရ ပြုစုထားသော ပြဋ္ဌာန်းစာအုပ်များ၊ သင်ကြားသင်ယူမှုနည်းစနစ်အသစ်များ၊ စစ်ဆေးဆန်းစစ် အကဲဖြတ်နည်းသစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ခန်းအတွင်းရှိ ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုနိုင်ရေးနှင့် ရမှတ် ကောင်းမွန်ရေးအတွက် အဓိကထားသင်ကြား၊ သင်ယူမှုမျိုးမလုပ်ဘဲ (Learning to Learn) သင်ယူပြီးရင်း သင်ယူနိုင်ရေး၊ သင်ယူ တတ်မြောက်မှု အရည်အသွေးကောင်းမွန်စေရေး ဆောင်ရွက်နေပါကြောင်း၊ ယခုစနစ်သစ် ကျောင်းသုံးဖတ်စာအုပ်အသစ်တွင် ယခင်အကြောင်းအရာဟောင်း ၈၀ ရာခိုင်နှုန်းနှင့် အကြောင်းအရာအသစ် ၂၀ ရာခိုင်နှုန်း ပါဝင်မည်ဖြစ်ပါကြောင်း၊ (Grade-3) တတိယတန်းတွင် ကျောင်းသား ကျောင်းသူများအား အခြေခံစာဖတ်တတ်အောင်၊ ရေးတတ်အောင်၊ တွက်တတ်အောင် သင်ကြားပေးကြရမည် ဖြစ်ပါကြောင်း၊ (KG+12) သူငယ်တန်း+ တစ်ဆယ့်နှစ်တန်း ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ကျောင်းသုံး ဖတ်စာအုပ်များနှင့် ဆရာကိုင် စာအုပ်များကို အသစ်ပြုစုဖြန့်ဝေပေးပြီး သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရေး မွမ်းမံသင်တန်းများကို နှစ်စဉ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် မိမိတို့ကျောင်း၊ စာသင်ခန်းများတွင်ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက် ရင်ဆိုင်ရသည့် အခက်အခဲများနှင့် ကျော်လွှားနိုင်မည့် နည်းလမ်းများကို ယခုဆွေးနွေးပွဲတွင် ဆွေးနွေးညှိနှိုင်းဖလှယ်၍ ပိုမိုကောင်းမွန်သည့် သင်ကြားသင်ယူမှု နည်းစနစ်ဖြင့် အရည်အသွေးမြင့်မားသောပညာရေးစနစ်ကို တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။

### အပြန်အလှန်တန်ဖိုးထား

ပညာရေးစနစ်သစ်တွင် ရင်းနှီးမြှုပ်နှံသလောက် အောင်မြင်ရေးအတွက် ပညာရေးဝန်ကြီးဌာနရှိ ပညာရေး မိသားစုအချင်းချင်း ညီညီညွတ်ညွတ် အပြန်အလှန်တန်ဖိုးထားပြီး လုပ်ငန်းများအောင်မြင်အောင် ပံ့ပိုးကူညီဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ဆေးလိပ်၊ အရက်၊ ကွမ်းယာနှင့် မူးယစ်ဆေးဝါးများကင်းစင်ရေး၊ စနစ် တကျ အမှိုက်စွန့်ပစ်တတ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ မျိုးဆက်ပွားကျန်းမာရေးနှင့် ရင်ခွင်မဲ့ ကလေးများဆိုင်ရာ အသိပညာပေးရေး၊ ကျန်းမာသော ဘဝနေထိုင်မှု ပုံစံသည့် အလေ့အထကောင်းများကို လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား လူသားကောင်းများ ဖြစ်စေရေး၊ အမျိုးနှင့်ပူးပေါင်း ဆောင်ရွက်တတ်စေရေး၊ အားကစား၊ ဂီတ၊ အနုပညာစွမ်းရည်များ ဖွံ့ဖြိုး တိုးတက်စေရေး၊ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်တတ်ရေး၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိရေးအတွက် သင်ကြားသင်ယူ၊ လေ့ကျင့်ပေးကြရမည်ဖြစ်ပါကြောင်း၊ အရည်အသွေး မြင့်မားသော ပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ပညာရေး မိသားစုများအားလုံး ပြည်သူလူထုနှင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် တက်ရောက်လာသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ သင်ထောက်ကူပြခန်းများအား လှည့်လည် ကြည့်ရှုကြသည်။

အဆိုပါမြို့နယ်အဆင့် ဆွေးနွေးပွဲများကိုမေ ၁၁ ရက်မှ ၂၅ ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။

အလားတူဆဋ္ဌမတန်း(Grade-6) သင်ရိုးသစ် ခရိုင်အဆင့်ဆွေးနွေး ပွဲကို ပျဉ်းမနားမြို့နယ် အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၀**

ရန်ကုန်(ရွှေဈေး) ၁၀၄၉၅၀၀ - ၁၀၄၉၅၀၀ မန္တလေး(ရွှေဈေး) ၁၀၄၉၅၀၀ - ၁၀၄၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၁၀ ကျပ်၊ | ၁၀၁၀/၁၀၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၇၀ ကျပ်၊ | ၁၀၁၀/၁၀၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၀၀ ကျပ်၊ | ၉၄၅/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၂၀ ကျပ်၊ | ၁၀၂၅/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၁၀/၉၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၂၀/၉၃၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၄၂/၈၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**


| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၁.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၂၀.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၄.၇၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၅၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၄၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၄၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၄.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၀၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၁.၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၄.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

✱ နိုင်ငံတော်သမ္မတမှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Le Gia Thinh နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**



**အဆင့်မြင့်အရာရှိကြီးများ လိုက်ပါ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးတို့နှင့်အတူ အဖွဲ့ဝင်များအဖြစ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

**ဟနွိုင်းမြို့သို့ရောက်ရှိ**

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ဟနွိုင်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့အား ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီး H.E. Mr. Chu Ngoc Anh၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Mrs. Luan Thuy Duong၊ ဗီယက်နမ် ဗုဒ္ဓသံဃအဖွဲ့ အမြဲတမ်းဒုတိယဥက္ကဋ္ဌ Most. Ven. Thich Thanh Nhieu၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ် အောင်ဇေယျနှင့် တာဝန်ရှိသူများက ဟနွိုင်းမြို့ရှိ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် Sheraton Hotel သို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဟနွိုင်းမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်သို့ရောက်ရှိပြီး ဟနွိုင်းမြို့မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဟနွိုင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံစဉ်။

**လမ်းညွှန်မှာကြား**

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ဗီယက်နမ်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံရုံးနှင့် စစ်သံရုံးဝန်ထမ်းမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံအမတ်ကြီးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အမျိုးသားစာကြည့်တိုက်(နေပြည်တော်) (၆)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲတော် ကျင်းပ

**နေပြည်တော် မေ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)(၆)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် စာပေဟောပြောပွဲ၊ ရှားပါးစာအုပ်ပြပွဲ၊ မှတ်တမ်းဓာတ်ပုံများပြပွဲနှင့် အမှတ်တရဈေးရောင်းပွဲတော်ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ စာပေဟောပြောမည့် ဆရာကြီး ဆရာမကြီးများ၊ ကိုယ်ပိုင် အထက်တန်းကျောင်းများ၊ International School မှ ကျောင်းသား ကျောင်းသူများ၊ ဘုန်းတော်ကြီးသင်ပညာသင်ကျောင်းမှ ရှင်သာမဏေများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

စာပေဟောပြောပွဲ အခမ်းအနားတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး နံနက်ပိုင်းတွင် ဆရာမ မစန္ဒာကလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဆရာမ ခင်ခင်ထူးနှင့် ဆရာ နေဝင်းမြင့်တို့ကလည်းကောင်း ဟောပြောကြကာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က စာပေပညာရှင်များအား အမှတ်တရလက်ဆောင်ပေးအပ်သည်။

အမျိုးသားစာကြည့်တိုက်(နေပြည်တော်) (၆)နှစ်ပြည့် နှစ်ပတ်လည်ပွဲတော်ကို မေ ၁၀ ရက်မှ မေ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်တွင် ရှားပါးစာအုပ်ပြပွဲ၊ မှတ်တမ်းဓာတ်ပုံပြပွဲ၊ လက်မှုပညာအစီအစဉ်၊ ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ အစားအသောက်အရောင်းဆိုင်များ ပါဝင်သည်။ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာ့ရိုးရာရုပ်သေးပွဲတော်ကို နေ့စဉ် နံနက် ၁၁ နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိလည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**✻ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သစ္စာအောင်၊ မေတ္တာအောင်၊ ပညာအောင် စေတီတော်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနတို့က နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား (၉)ချက် ထိုး၍ ဗိုလ်ချုပ်အောင်ဆန်း၏ ဘိုးဘွားမိဘများ တည်ထားကိုးကွယ်ခဲ့ကြသည့် ဘိုးမြတ်အေး-မယ်သူဇာ စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဟာဗောဓိပင်အား ရေစင်သွန်းလောင်း ပူဇော်သည်။

အဆိုပါ မဟာဗောဓိညောင်ပင်ကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက မြန်မာနိုင်ငံလွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းအား ရည်စူး၍ စိုက်ပျိုးပူဇော်ရန်အတွက် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ပင့်ဆောင်လာပြီး ၁၉၅၄ ခုနှစ် စက်တင်ဘာ ၂၅ ရက် နံနက်တွင် ဒီပင်္ကရာကျောင်းတိုက်အတွင်း စိုက်ပျိုးပူဇော်ခဲ့ကြောင်း သိရသည်။

**ဗုဒ္ဓါဘိသေက အနေကဇာတင်**

ထို့နောက် သစ္စာအောင်၊ မေတ္တာအောင်၊ ပညာအောင် စေတီတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်းနှင့် ငြိမ်းချမ်းရေးတံခွန်တိုင်နှင့် ငြိမ်းချမ်းရေးခေါင်းလောင်းတော် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ ဒီပင်္ကရာကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပရိသတ်များက ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒဝံသ၏ သာရဏီယဩဝါဒကထာကို ခါတော်မီဆရာတော် ဘဒ္ဒန္တသုမနက ဖတ်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပရိသတ်များက မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မာဓိပတိကျောင်းဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တကုန္ဒကာလင်္ကာရာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်း မိဘဘိုးဘွားများ၏ ကောင်းမှုစေတီတော် ပန်းလည်တိုင်ဟောင်းဖြင့် ထုလုပ်ထားသည့် လေးမျက်နှာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဆရာတော်နိမ္မလ(နတ်မောက် ဘုန်းနွယ်)က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ပေးအပ်ချီးမြှင့်တော်မူသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်က နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက်တွင် (၃)နှစ်တာ နေထိုင်ပြီး မူလတန်းပညာများနှင့် လောကုတ္တရာပညာရပ် များကို သင်ကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်အား ကြည့်ရှုသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်ယာဉ်ရှေ့၌ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နတ်မောက်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ဒုတိယမြောက် မြန်မာ-တရုတ်ချစ်ကြည်ရေး ဆေးရုံအဖြစ် လှူဒါန်းပြီး မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ပူးပေါင်းကူညီဆောင်ရွက်သည့် နတ်မောက်မြို့ ပြည်သူ့ဆေးရုံ ပြုပြင်မွမ်းမံခြင်း၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန အဆောက်အအုံသစ် လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားနှင့် ဆေးရုံရှေ့၌ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ဖွင့်လှစ်**

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးချောင်တို့က နတ်မောက် ပြည်သူ့ဆေးရုံ အရေးပေါ်နှင့် ပြင်ပလူနာဌာန အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်သံအမတ်ကြီးတို့က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူရုပ်တုကို မင်္ဂလာကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်သူ့ဆေးရုံ အရေးပေါ်နှင့် ပြင်ပလူနာဌာန အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနအတွင်းနှင့် ဆေးရုံတက်လူနာများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နတ်မောက်မြို့ ပြည်သူ့ဆေးရုံအရေးပေါ်နှင့် ပြင်ပလူနာဌာန အဆောက်အအုံသစ် လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ပြည်သူများ အရည်အချင်းရှိရန် လိုအပ်သလို ကျန်းမာရန်လည်း လိုအပ်ပါကြောင်း၊ ထို့အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးကို အလေးထားရန်လိုအပ်ပါကြောင်း၊ ယခု ဆေးရုံပြုပြင်မွမ်းမံနိုင်သည့်အတွက် နတ်မောက်မြို့နယ်မှ ပြည်သူများသာမက မကွေးတိုင်းဒေသကြီးမှ ပြည်သူများ၏ **စာမျက်နှာ ၅ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးချောင်တို့က နတ်မောက်ပြည်သူ့ဆေးရုံ အရေးပေါ်နှင့် ပြင်ပလူနာဌာန အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

❒ စာမျက်နှာ ၄ မှ

ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးကိုထိခိုက်နိုင်မည့် အပြုအမူများကို ရှောင်ရှားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ကျန်းမာရေးကို စေတနာထား ဆောင်ရွက်ပေးနေသည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ ပြည်သူများအနေဖြင့် ကျန်းမာရေးကောင်းမွန်ရန်၊ စည်းကမ်းရှိရန်၊ တာဝန်သိရန်၊ ဖွဲ့ကောင်းရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တရုတ်သံအမတ်ကြီးက နတ်မောက်မြို့ ပြည်သူ့ဆေးရုံ အရေးပေါ်နှင့် ပြင်ပလူနာဌာန အဆောက်အအုံသစ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နတ်မောက်မြို့ပြည်သူ့ဆေးရုံအား ပြုပြင်မွမ်းမံပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းသည့်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို တရုတ်သံအမတ်ကြီးထံ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တရုတ်သံအမတ်ကြီးက နတ်မောက်မြို့ ပြည်သူ့ဆေးရုံ အရေးပေါ်နှင့် ပြင်ပလူနာဌာန အဆောက်အအုံသစ်၊ မူလအဆောင်များ ပြုပြင်မွမ်းမံမှုနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံတူရုပ်တုတို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ လွှဲပြောင်းပေးအပ်သည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ လှည့်လည်ကြည့်ရှုစဉ်။**

ယင်းနောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နတ်မောက်မြို့ပြည်သူ့ဆေးရုံ အရေးပေါ် နှင့် ပြင်ပလူနာဌာန အဆောက်အအုံသစ်ဆောက်လုပ်ရာတွင် ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့သည့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဇဟိုအသင်း၊ အရည်အသွေးကောင်းမွန်စွာ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် Art Wave Co., Ltd.၊ ဆေးရုံသုံးပစ္စည်းကိရိယာများတပ်ဆင်ပေးသော China Sinopharm International Corporation၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူရုပ်တုအား ထုလုပ်လှူဒါန်းသော Fujian Nanshan Group နှင့် ဆေးရုံအတွက် ရေစင်လှူဒါန်းသော ၁၉၇၆-၁၉၈၂ ဆေးတက္ကသိုလ်(၁)ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့က ဆေးရုံအတွက်လှူဒါန်းသည့် အလှူငွေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တရုတ်သံအမတ်ကြီး၊ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခဲ့ကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နတ်မောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများက လျှပ်စစ်မီးရရှိရေးနှင့် ကျေးရွာများမီးလင်းရေး၊ မြေယာကိစ္စများ အမြန်ဆုံး ရှင်းလင်းပေးနိုင်ရန် ဦးစားပေးဆောင်ရွက်ပေးရေး၊ ဒေသခံတောင်သူများအတွက် နှမ်းနက်ကဲ့သို့ လိုအပ်သောမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေး၊ ဒေသတွင်းအလားအလာကောင်းမွန်သည့် ဆိတ်မွေးမြူရေး၊ ရွှေစက်တော်ပွဲတော် ကျင်းပရာနေရာများတွင် အမှိုက်သန့်ရှင်းရေး၊ လမ်း၊ တံတား၊ မြောင်း စသည်တို့ကို ဦးစားပေးအလိုက် လျာထားဆောင်ရွက်ပေးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားနိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မြစ်ရေတင်လုပ်ငန်းများ ကြံ့ခိုင်ထိန်းသိမ်းရေးနှင့် အဆင့်မြှင့်တင်ရေး၊ နေပြည်တော်-ကံပြားလမ်းတွင် နေပြည်တော်ဘက်ခြမ်းလမ်းပိုင်း ကောင်းမွန်စေရေး၊ ဘတ်ဂျက်သုံးစွဲမှုများ စနစ်တကျ အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက် ဖြစ်စေရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချက်ချင်းဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ အချိန်ယူ၍ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေရှည် စနစ်တကျဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ သွားရောက်ကြည့်ရှုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် နတ်မောက်မြို့မှထွက်ခွာပြီး တောင်တွင်းကြီးမြို့နယ် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိကြရာ ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုပြတိုက်ခန်းမ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ဗိဿနိုးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဆိုင်ရာ အချက်အလက်များနှင့် တူးဖော်တွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပြတိုက်အတွင်း လိုက်လံကြည့်ရှု**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုပြတိုက်အတွင်း လိုက်လံကြည့်ရှုသည်။

ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့မှ အနောက်ဘက် ၁၂ မိုင်ခန့်အကွာတွင်တည်ရှိပြီး မြို့ဟောင်း၏မြောက်ဘက်တွင် ယင်းချောင်း၊ စတုံချောင်းနှင့် တောင်ဘက်တွင် တောင်ဦးချောင်း၊ ရန်ပယ်ချောင်းတို့ စီးဆင်းလျက်ရှိပြီး စိုက်ပျိုးမြေကောင်းမွန်သော ယင်းလွင်ပြင်နှင့် တောင်တွင်းကြီးလွင်ပြင်တို့ကို အမှီပြုကာ တည်ဆောက်ထားသည့် အေဒီ(၁)ရာစုမှ အေဒီ(၅)ရာစုအတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့သော မြို့ဟောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ဗိဿနိုးမြို့ဟောင်း၏အကျယ်အဝန်းမှာ ၃ ဒသမ ၃ စတုရန်းမိုင်ခန့်ကျယ်ဝန်း၍ မြို့ရိုး သုံးဖက်ရှိပြီး မြို့ဟောင်း၏အလယ် အနောက်မြောက်ဘက်မကျတကျတွင် အတွင်းနန်းတော်ရာမြို့ရိုးကိုလည်း တွေ့ရှိရကြောင်း သိရသည်။

ဗိဿနိုးမြို့ဟောင်းကို ၁၉၀၅ ခုနှစ်က မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနက ပထမဦးဆုံး စူးစမ်းလေ့လာခဲ့ပြီး ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ရှေးဟောင်းကုန်းပေါင်း ၂၅ ကုန်းကို စနစ်တကျ တူးဖော်သုတေသနပြုခဲ့ရာမှ ၁၉၉၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကုန်းပေါင်း ၄၁ ကုန်းကို ထပ်မံတူးဖော်သုတေသနပြုခဲ့ကြောင်း သိရသည်။ ထို့ပြင် မြို့ရိုး၊ အရံအတား ၁၄ ခု၊ မြို့ဝင်ပေါက်ခြောက်ခု၊ လူနေအဆောက်အအုံ ၁၀ ခု၊ ဘာသာရေး(သို့မဟုတ်) ထုံးတမ်းဆိုင်ရာ အဆောက်အအုံ ၃၀၊ အထွေထွေ ခြောက်ခု စုစုပေါင်း ၆၆ ကုန်းကို တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဗိဿနိုးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။**



မဟာဗောဓိပင်အား ရေစင်သွန်းလောင်းပူဇော်စဉ်။



ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ကိုးချက်ထိုးခတ်စဉ်။



နတ်မောက်ပြည်သူ့ဆေးရုံတွင် လှည့်လည်ကြည့်ရှုစဉ်။



နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက်၌ ကျင်းပသည့် အလှူပွဲ။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တရုတ်- မြန်မာ ချစ်ကြည်ရေးဆေးရုံ တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်လှူဒါန်းခဲ့ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နတ်မောက်မြို့ပြည်သူ့ဆေးရုံရှေ့၌ထားရှိသည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နတ်မောက်မြို့ပြည်သူ့ဆေးရုံ အရေးပေါ်နှင့် ပြင်ပလူနာ အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ဓာတ်ပုံ - သက်အောင်

# အာရှရဲ့နောက်ဆုံးစီးပွားရေးဥပစာဖြစ်တဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်လို ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန် ၂၉ ဇုန်နှင့် အောင်မြင်မှုရရှိနေသည့် သီလဝါအထူးစီးပွားရေးဇုန်တို့ တည်ရှိနေ

## ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုဖြင့် ပြောကြားသည့် အမှာစကား

(၁၀-၅-၂၀၁၉ ရက်နေ့)

**ကြွရောက်လာတဲ့ဂုဏ်သရေရှိလူကြီးမင်းများရှင့်**

ကျွန်မအနေနဲ့ ယနေ့ကျင်းပတဲ့ ၂၀၁၉ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှာ အမှာစကားပြောကြားခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

ယခုအကြိမ်မှာ ဒုတိယနှစ်မြောက်အနေဖြင့်ကျင်းပတဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ဟာ နိုင်ငံတစ်ဝန်း အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ကျင်းပလျက်ရှိတဲ့ ဖိုရမ်များကဲ့သို့ပင် ပြည်တွင်းနဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ရန်ကုန်တိုင်းဒေသကြီးနဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ များပြားလှတဲ့ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေကို ကိုယ်တိုင်ကိုယ်ကျ သိမြင်နိုင်စေဖို့အတွက် ကျင်းပလျက်ရှိခြင်း ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ရည်ရွယ်ချက်က နိုင်ငံအတွင်းမှာ အဓိကပြုပြင်ပြောင်းလဲနေတဲ့ ဆောင်ရွက်မှုတွေ၊ ကျွန်မတို့ ဆောင်ရွက်ပေးနိုင်မယ့် ဝန်ဆောင်မှုသစ်တွေကို မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စူးစမ်းပြင်ဆင်နေသူများ သိရှိအောင် တင်ပြပေးဖို့ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ဒီဖိုရမ် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနဲ့ စီစဉ်ဆောင်ရွက်ပေးကြသူများကို များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**ဂုဏ်သရေရှိလူကြီးမင်းများရှင့်**

မြန်မာနိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးရဲ့လေးပုံတစ်ပုံနီးပါးကို ကိုယ်စားပြုလျက်ရှိတဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ လူဦးရေ ၆ သန်းနီးပါးရှိပြီး အများစုဟာ အလုပ်လုပ်နိုင်တဲ့ အသက်အရွယ်မှာရှိနေကြတဲ့အတွက် ဒေသတွင်းလုပ်သားလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ စက်မှုဇုန် ၂၉ ဇုန်နဲ့ အောင်မြင်မှုရရှိနေတဲ့ သီလဝါအထူးစီးပွားရေးဇုန်တို့ တည်ရှိနေကြောင်းကိုလည်း ဝင့်ကြွားစွာ ပြောကြားလိုပါတယ်။

နယ်ပယ်စုံ ကျယ်ပြန့်ပြီး စိတ်လှုပ်ရှားဖွယ် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းသစ်တွေဟာလည်း ရန်ကုန်တိုင်းဒေသကြီးမှာ အကောင်အထည်ဖော်ဖို့ရှိနေပါတယ်။ အဆိုပါစီမံကိန်းသစ်တွေရဲ့အသေးစိတ်အချက်အလက်တွေကိုတော့ ယခုနှစ်အစောပိုင်းမှာကျင်းပခဲ့တဲ့ ကိုယ်စားလှယ် ၁၆၀၀ ဦးခန့် တက်ရောက်ခဲ့တဲ့ Invest Myanmar Summit 2019 မှာ မျှဝေခဲ့ပြီးဖြစ်ပါတယ်။

ကျွန်မအနေနဲ့ လူကြီးမင်းတို့အားလုံး လက်ခံသဘောတူကြမယ့်အတိုင်း ရန်ကုန်မြို့ဟာ မြန်မာပြည်ရဲ့စီးပွားရေးလုပ်ငန်းများရဲ့အချက်အချာဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးမှာ လာရောက်ဆောင်ရွက်ကြမယ့် လူကြီးမင်းတို့ရဲ့ရင်းနှီးမြှုပ်နှံမှုများကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း ဖိတ်ခေါ်လိုပါတယ်။

**ဂုဏ်သရေရှိလူကြီးမင်းများရှင့်**

ကနဦးကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်အပြီး (၁၂) လကြာမြင့်တဲ့ ယနေ့အချိန်မှာတော့ ပြည်တွင်း၌သာမက ဒေသတွင်းနဲ့ ကမ္ဘာတစ်ဝန်းမှာပါ ဖြစ်ပေါ်ပြောင်းလဲမှုများကိုတွေ့မြင်နိုင်မှာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှုအားကောင်းခဲ့သော်လည်း ၂၀၁၈ ခုနှစ် နောက်ပိုင်းမှာတော့ ကမ္ဘာ့စီးပွားရေးတိုးတက်မှုများ နှေးကွေးလာခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းဟာ ၂ ဒသမ ၉ ရာခိုင်နှုန်းကို ရောက်ရှိဖို့ ခန့်မှန်းထားကြပါတယ်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများတွင်ပင် မူဝါဒဆိုင်ရာ မတည်ငြိမ်မှုများကြောင့် စီးပွားရေးလုပ်ဆောင်ရန် ယုံကြည်မှုကျဆင်းလျက်ရှိသည့်အပြင် ကမ္ဘာလုံးဆိုင်ရာ အခြေအနေ အရပ်ရပ်ဟာလည်း မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ထွန်းသစ်စနိုင်ငံများအတွက် အထောက်အပံ့ အားလျော့နေတာကို တွေ့ရမှာဖြစ်ပါတယ်။

သို့သော်လည်း အရှေ့အာရှနဲ့ပစိဖိတ်ဒေသဟာ ကမ္ဘာ့ဖွံ့ဖြိုးမှုအမြန်ဆုံးဒေသများထဲမှာ တစ်ခုအပါအဝင်အဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာရှဒေသရဲ့တိုးတက်ဖြစ်ပေါ်မှုများကို အမိအရဖမ်းဆုပ်နိုင်ဖို့ဆောင်ရွက်လျက်ရှိပါတယ်။ ဘက်စုံထောင့်စုံမှ စိန်ခေါ်မှုများရင်ဆိုင်နေရသော်လည်း ကျွန်မတို့အနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ စီးပွားရေးတည်ငြိမ်မှုတို့ကို ဘက်ညီမျှတစွာ ဆောင်ရွက်နိုင်ခဲ့တယ်လို့ယုံကြည်ပါတယ်။ ကျွန်မတို့အနေနဲ့ အသင့်အတင့်မြင့်မားတဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ထိန်းသိမ်းထားနိုင်ပြီး ငွေကြေးဖောင်းပွမှု ကြီးကြီးမားမား မဖြစ်ပေါ်အောင်လည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျယ်ပြန့်တဲ့ ဘဏ္ဍာရေးမူဝါဒချမှတ်ခြင်းကြောင့် ကာလတိုအတွင်း မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုကိုဖြစ်ပေါ်စေရန် မျှော်မှန်းပြီး လတ်တလော ဘက်စုံကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုများက အလယ်အလတ်ကာလ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ ဖြစ်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ်က ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံဟာ ဒေသတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြင့်မားဆုံးနိုင်ငံအနေဖြင့် ဆက်လက်ရပ်တည်လျက်ရှိပါတယ်။ မူဝါဒအပြောင်းအလဲများဖြစ်တဲ့ “မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan - MSDP)” ချမှတ်ခြင်း၊ အာမခံလုပ်ငန်းကဏ္ဍတွင် ဖြေလျှော့ခြင်း၊ လက်လီနှင့် လက်ကားရောင်းဝယ်မှုလုပ်ငန်းများတွင် ဖြေလျှော့ပေးခြင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ကျင့်သုံးဆောင်ရွက်ခြင်းနဲ့ အခြေခံအဆောက်အအုံစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများ ဝင်ရောက်လာခြင်း စတာတွေက မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေတယ်လို့ သုံးသပ်ထားတာကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေးရှု၍ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ လိုအပ်တဲ့ ကာလရှည်မျှော်မှန်းချက်၊ အဓိပ္ပာယ်ပြည့်ဝတဲ့ မဟာဗျူဟာများ၊ အသေးစိတ် အစီအမံများကို MSDP မှာ အထင်အရှား ထည့်သွင်းရေးဆွဲထားပြီးဖြစ်သည့်အတိုင်း ကျွန်မတို့နိုင်ငံရဲ့စီးပွားရေးကို ပြောင်းလဲဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယခုလို အကဲဆတ်တဲ့ အချိန်ကာလအတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ရရှိစေဖို့အတွက် ကျွန်မတို့ဟာ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှု အစီအမံများကို ပြောင်းလွယ်ပြင်လွယ်ရှိပြီး လိုက်လျောညီထွေဖြစ်စေဖို့အတွက် အသေအချာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

MSDP ကို အကောင်အထည်ဖော်ဖို့နှင့် နောက်ထပ် မဟာဗျူဟာမြောက် လမ်းညွှန်မှုတစ်ခုအနေနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (MIPP) ကိုလည်း မိတ်ဆက်ထားပြီးဖြစ်ပါတယ်။ တာဝန်ယူမှုရှိပြီး အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းကနေ မျှတတဲ့ လူမှုအသိုက်အဝန်းတစ်ရပ်ဖန်တီးဖို့နဲ့ ပြောင်းလဲတိုးတက်ပြီး ညီညွတ်မျှတတဲ့ ဖွံ့ဖြိုးမှုတစ်ခုရရှိစေဖို့ MIPP က မျှော်မှန်းထားတာ ဖြစ်ပါတယ်။

ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဟာ မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့အဓိကမောင်းနှင်အားနှစ်ခုဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းရဲ့ ၃၁ ရာခိုင်နှုန်း (၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ၀ ဒသမ ၃ ရာခိုင်နှုန်းသာရှိခဲ့ပါတယ်)ဖြစ်လာပြီး အဆိုပါနှစ်မှာ တစ်မျိုးသားလုံးထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရဲ့ ၂၂ ရာခိုင်နှုန်းရှိလာခဲ့ပါတယ်။

ကျွန်မတို့ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက်ကျယ်ပြန့်လာမှုဟာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ဖော်ပြချက်ဖြစ်တဲ့ “အထင်ကရရှိသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေး” ဆိုသည့် အချက်နဲ့လည်း စပ်ဟပ်မှုရှိတာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ စက်မှုဇုန်များရဲ့ အခန်းကဏ္ဍဟာလည်း ပိုမိုအရေးပါလာပြီး ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးတည်ဆောက်သူများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ခုဖန်တီးနိုင်ရန်အတွက် အောင်မြင်မှုရရှိခဲ့တဲ့ အစီအမံများစွာကို အထူးစီးပွားရေးဇုန်အတွင်းမှာ ချမှတ်ထားခဲ့ပြီးလည်း ဖြစ်ပါတယ်။ အဆိုပါ အခြေခံကောင်းများကိုနမူနာယူ၍ နိုင်ငံတစ်ဝန်းဖြန့်ကြက် ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဥတုအခြေအနေဟာ သိသာထင်ရှားတဲ့ တိုးတက်မှုတွေကို ဖော်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

အားလုံးသိရှိပြီးဖြစ်ကြတဲ့အတိုင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ရေပေးဝေမှုစနစ်များ၊ ရေဆိုးစီမံခန့်ခွဲမှုစနစ်များ၊ လမ်းများနှင့် ပို့ဆောင်ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်မှုစတဲ့ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များ ကောင်းမွန်ပြည့်စုံခြင်းမရှိပါက စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များအပါအဝင် စီးပွားရေးလုပ်ငန်းများအနေနဲ့ ထိရောက်ကောင်းမွန်စွာလည်ပတ်နိုင်မှာမဟုတ်ကြောင်း သတိပြုရန်လည်း လိုအပ်ပါတယ်။

**ဂုဏ်သရေရှိလူကြီးမင်းများရှင့်**

အဆိုပါ အခြေခံအဆောက်အအုံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်နိုင်ရန် စီမံကိန်းဘဏ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ စီမံကိန်းဘဏ်ဟာ “တစ်နေရာတည်းမှာ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်ဗဟိုဌာန” အဖြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာဖြစ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းကြီးများ၏ အဓိက အချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစွာ ဖြန့်ဝေပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပွင့်လင်းမြင်သာ၍ ယှဉ်ပြိုင်မှုကို အခြေခံသည့် တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒစ်ဂျစ်တယ် နည်းပညာဖြင့် သတင်းအချက်အလက်များကို သိမ်းထားနိုင်သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက လိုအပ်သော အရေးကြီးသတင်းအချက်အလက်များကို ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ရရှိနိုင်မှာဖြစ်ပါတယ်။ ယခုစနစ်ကို အကောင်အထည်ဖော်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်လာစေရုံသာမက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ကြိုတင်ခန့်မှန်းနိုင်မှာဖြစ်ပြီး ဦးစားပေးစီမံကိန်းများကိုလည်း သိရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ပိုမိုစိတ်ချရသော လုပ်သာကိုင်သာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖြစ်လာစေရေးကိုလည်းအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် လက်ရှိလုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းလွယ်ကူစေရေးနှင့် စီးပွားရေးဆိုင်ရာ ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်များခွင့်ပြုသည့် လုပ်ငန်းစဉ်များအား ပိုမိုရှင်းလင်းလွယ်ကူမြန်ဆန်စေရန်အတွက် စံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ (SOP) ပေါ်ထွက်လာစေရေး ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြေယာဘဏ်ဆိုင်ရာ အမိန့်ကြော်ငြာစာတစ်စောင်ကိုလည်း မကြာမီကာလအတွင်း ထုတ်ပြန်သွားနိုင်မှာ ဖြစ်ပါတယ်။ ယင်းမြေယာဘဏ်သည် မြေယာဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ပြည့်စုံစွာရရှိနိုင်စေမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် မြေယာရရှိနိုင်မှုကို များစွာအထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။

ကျွန်မဟာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို အောင်မြင်စေဖို့ စုပေါင်းအားရဲ့အရေးပါမှုကို ခိုင်မာစွာ ယုံကြည်သူတစ်ဦးဖြစ်ပါတယ်။ အစိုးရပိုင်းက ခိုင်မာတဲ့ မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းမူဘောင်များကို ချမှတ်အကောင်အထည်ဖော်ရာမှာ ပုဂ္ဂလိကကဏ္ဍနှင့်လည်း အတူတကွ ပူးပေါင်း၍ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သောစီးပွားရေးဝန်းကျင်ဖြစ်စေဖို့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများရဲ့ ရင်းနှီးမြှုပ်နှံမှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းကျွမ်းကျင်မှုများဟာ မြန်မာ့စီးပွားရေးနှင့် မြန်မာနိုင်ငံသားအားလုံးအတွက် အရေးပါတဲ့ အရင်းအမြစ်များ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်မတို့အနေနဲ့ ရင်းနှီးမြှုပ်နှံသူများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(PPP) လုပ်ငန်းစဉ်များကို ကျင့်သုံးကြဖို့ အားပေးလိုပါတယ်။ နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်တဲ့ စီမံကိန်းဘဏ် (Project Bank) အမိန့်ကြော်ငြာစာတွင် အစိုးရအနေဖြင့် PPP စီမံကိန်းများကို စီးပွားဖြစ်ဆောင်ရွက်နိုင်စေဖို့ နည်းလမ်းအဖုံဖုံပါဝင်တဲ့ ဘဏ္ဍာရေးဆိုင်ရာ အစီအမံများအပါအဝင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို ပံ့ပိုးပေးနိုင်မည့် သတင်းအချက်အလက်များပါဝင်ပါတယ်။ အဆိုပါ အမိန့်ကြော်ငြာစာက အရည်အသွေးရှိ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်လိမ့်မယ်လို့လည်း မျှော်မှန်းပါတယ်။

**ဂုဏ်သရေရှိလူကြီးမင်းများရှင့်**

ကျွန်မအနေဖြင့် အားလုံးကိုအလေးအနက် တိုက်တွန်းချင်တာကတော့ မြန်မာနိုင်ငံကို နိုင်ငံတကာ အထီးကျန်မှု အခြေအနေက ထိုးဖောက်ထွက်လာတဲ့၊ စိန်ခေါ်မှုများစွာရှိနေတဲ့၊ နိုင်ငံသူ၊ နိုင်ငံသားများအတွက် အနာဂတ်ကောင်းတစ်ခုရရှိစေဖို့ တံခါးဖွင့်ထားတဲ့ နိုင်ငံတစ်ခုအဖြစ် ရှုမြင်စေလိုပါတယ်။

ကျွန်မအနေနဲ့ လူကြီးမင်းတို့အားလုံးကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။ မြန်မာနိုင်ငံရဲ့အနာဂတ်တောက်ပဖို့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ကြဉ်းရာမှာ လူကြီးမင်းတို့ရဲ့ အထောက်အပံ့တွေကို ကျွန်မတို့ဘက်ကလည်း အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ကူညီပေးကြတဲ့ လူကြီးမင်းတို့ရဲ့အခိုင်အမာပါဝင်မှုတွေကို အလေးအနက်ကျေးဇူးတင်ရှိပါကြောင်း ကျွန်မအနေနဲ့ ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စဉ်းစားနေကြတဲ့သူများအားလုံးကိုလည်း အာရှရဲ့နောက်ဆုံးစီးပွားရေးဥပစာဖြစ်တဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ကျွန်မအနေနဲ့ ဖိတ်ခေါ်လိုပါတယ်။ လက်ရှိရင်းနှီးမြှုပ်နှံမှုပြုလုပ်နေသူများကိုလည်း လူကြီးမင်းတို့ စီးပွားရေးလုပ်ငန်းများ တိုးတက်ရုံသာမက ကြွယ်ဝစေမည်ဖြစ်သည့် လုပ်သာကိုင်သာရှိသော၊ လွယ်ကူချောမွေ့သော၊ ကြိုတင်ခန့်မှန်းနိုင်သော၊ ရင်းနှီးမြှုပ်နှံသူများအတွက် မိတ်ဖက်ဖြစ်သော စီးပွားရေးဝန်းကျင်တစ်ခု၊ ပွင့်လင်းမြင်သာမှုရှိတဲ့ စီးပွားရေးဝန်းကျင်တစ်ခုကို ကျွန်မတို့က ဖန်တီးပေးမှာ ဖြစ်ပါကြောင်း အခိုင်အမာပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ရှိပါကြောင်းနဲ့ ယနေ့ဆက်လက်ကျင်းပမယ့် အစီအစဉ်များမှာ ဆက်လက်မွေ့လျော်ကြမယ်လို့ မျှော်လင့်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# လယ်ယာသီးနှံစိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုထွန်းကားလာစေရေး ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆို တင်သွင်း

**နေပြည်တော်  မေ  ၁၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆို ၂ ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း ၁ ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၏ **ညောင်လေးပင်မြို့ မြို့မ (၃) ရပ်ကွက် ဇအောင်းရွာမရပ်အတွင်း ရန်ကုန်-မန္တလေး ရထားလမ်းနှင့် မော်တော်ကားလမ်းအကြားရှိ ခမရ(၂၀) မှ တပ်မြေအဖြစ် အသုံးပြုခွင့် ရရှိထားသောမြေ ၇ ဒသမ ၉၀၀၂ ဧကအတွင်း တပ်မှအသုံးမပြုသည့် မြေနေရာများအား ညောင်လေးပင်မြို့ မော်တော်ယာဉ်ဝင်းဆောက်လုပ်ရေးအတွက် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အဆိုပါမြေ ၇ ဒသမ ၉၀၀၂ ဧကသည် တပ်ပိုင်မြေ ၄၅ ဒသမ ၅၁၅၄ ဧကအတွင်းပါဝင်ပြီး မြေသိမ်းဆည်းရေးအမိန့်များ ရရှိပြီးဖြစ်ခြင်း၊ အဆိုပါမြေနေရာ၌ မိသားစု သက်သာချောင်ချိရေးအတွက် လစဉ်ထောက်ပံ့ပေးနိုင်ရန် ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသဖြင့် မော်တော်ယာဉ်ဝင်း ဆောက်လုပ်အသုံးပြုနိုင်ရန်အတွက် တပ်ပိုင်မြေအဖြစ်မှ စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၏ **စစ်ကိုင်းတိုင်းဒေသကြီး တိုင်းသမဦးစီးဌာန၊ တိုင်းသမအသင်းစုတို့ ဦးစီး၍ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော စပါးရိတ်သိမ်းခြွေလှေ့စက်များ (Daedong-DSM 72-G) ကို လယ်သမားများထံသို့ အရစ်ကျရောင်းချခဲ့ရာ အဆိုပါစက်များသည် အာမခံကာလ နာရီ ၁၀၀၀ မပြည့်မီပင် ပျက်စီးမှုများ များစွာဖြစ်ခဲ့ပါသဖြင့် လယ်သမားများနှင့် နိုင်ငံတော်အကျိုးရှိစေရန် မည်သို့စီမံမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လုပ်ငန်းဆောင်ရွက်စဉ် ချွတ်ယွင်းပျက်စီးမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက စက်ဝယ်ယူအသုံးပြုသူမှ ကုမ္ပဏီနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး ပြုပြင်ဆောင်ရွက်နိုင်သကဲ့သို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့အနေဖြင့်လည်း စက်ဝယ်ယူသူနှင့် စက်ပြင်ဆင်ရန် တာဝန်ရှိသည့် ရွှေထွက်တိုးကုမ္ပဏီအကြား စဉ်ဆက်မပြတ် ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

## အရစ်ကျစနစ်နှင့် ရောင်းချပေးခဲ့သည့် ရိတ်သိမ်းခြွေလှေ့စက် ၄၄ စီးအနက် သတ်မှတ်ကာလအတွင်း ပျက်စီးမှုရှိခဲ့သည့် စက်များကို ပြုပြင်ပေးခဲ့

သမဝါယမအသင်းသား တောင်သူလယ်သမားကို အရစ်ကျစနစ်နှင့် ရောင်းချပေးခဲ့သည့် ရိတ်သိမ်းခြွေလှေ့စက် ၄၄ စီးအနက် သတ်မှတ်ကာလအတွင်း ပျက်စီးမှုရှိခဲ့သည့် စက်များကို ပြုပြင်ပေးခဲ့ပါကြောင်း၊ စက်ဝယ်ယူသူတောင်သူများ၏ ဆန္ဒအရ ပြန်လည်အပ်နှံလာသည့် စက်ရှစ်စီးကိုလည်း ပေးဆပ်ရန်ကျန်ရှိသည့် ငွေပမာဏအတွက် စာရင်းရှင်းလင်းပြီး ပြန်လည်အပ်နှံမှုကို သက်ဆိုင်ရာ သမဝါယမအသင်းစုများက လက်ခံခဲ့ပါကြောင်း၊ စက်ချွတ်ယွင်းပျက်စီးမှုကြောင့် ရာသီအချိန်မီ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိဘဲ သတ်မှတ်ကာလအလိုက် အရစ်ကျပေးဆပ်ရန်ဖြစ်သည့် ပြန်ဆပ်ငွေအတွက် အခက်အခဲဖြစ်ပေါ်လာသည့် အခြေအနေတွင် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့၏ အစီအစဉ်ဖြင့် ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ပြင်ဆင်စရိတ်ငွေကြေး အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့မှ အတိုးမဲ့ခေတ္တယာယီ ထုတ်ချေးပေးထားပြီး ၎င်းတို့ဝင်ငွေရရှိသည့် အချိန်မှသာ ပြန်လည်ပေးဆပ်စေခြင်းများကို ဖြည့်စွက်ဆောင်ရွက်


ဒုတိယဝန်ကြီး
ဗိုလ်ချုပ်မြင့်နွယ်


ညောင်လေးပင်မဲဆန္ဒနယ်မှ
ဒေါက်တာဦးမြင့်သိန်း


မုံရွာမဲဆန္ဒနယ်မှ
ဦးညွန့်အောင်


ဒုတိယဝန်ကြီး
ဦးလှကျော်


ကနီမဲဆန္ဒနယ်မှ
ဦးထွန်းထွန်းနိုင်


ရွှေပြည်သာမဲဆန္ဒနယ်မှ
ဦးဉာဏ်လင်း

ပေးလျက်ရှိပါကြောင်း။

တစ်ဖက်တွင်လည်း စက်အသုံးပြုသူ၏ ကျွမ်းကျင်မှုဆိုင်ရာ အားနည်းချက်ကို ထည့်သွင်းစဉ်းစားရပါကြောင်း၊ ကာလရှည်ကြာအသုံးပြုခဲ့ပြီး ပျက်စီးမှုပမာဏများနေသည့်အပေါ်တွင် စက်ပြုပြင်ရေးအတွက် သက်ဆိုင်ရာ သမဝါယမအသင်းစုနှင့် စက်ဝယ်ယူအသုံးပြုသူတို့အကြား ဦးစီးဌာနအနေဖြင့် ဆက်စပ်ညှိနှိုင်းပေးမှုဖြင့် အဆင်ပြေစွာ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ စက်ပြင်ဆင်ရန်အတွက် Daedong Co.,Ltd နှင့် Service Partner အဖြစ် ဆောင်ရွက်မည့် ရွှေထွက်တိုးကုမ္ပဏီတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းသည် ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် ကုန်ဆုံးခဲ့ပြီးဖြစ်ပါကြောင်း၊ Daedong Co.,Ltd အနေဖြင့် Service Partner အဖြစ် IME ကုမ္ပဏီနှင့် ဆက်လက်ချိတ်ဆက်ပြီး အချိန်မီပြုပြင်ပေးခြင်း၊ မပျက်စီးခင်ကတည်းက စက်ကြံ့ခိုင်မှုစစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် Spare Parts များ အသင့်စုဆောင်းခြင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စက်ပစ္စည်းပြင်ဆင်မည့်အဖွဲ့များ ဖွဲ့စည်း၍ ဝန်ဆောင်မှုပေးနိုင်ရေး စီမံထားရှိပါကြောင်း၊ ယင်းသို့ စီမံဆောင်ရွက်ပေးရာတွင် ရောင်းချခံစက်များ၏ လက်ရှိသုံးစွဲထားမှု သက်တမ်းအရ တောင်သူများမှ ပြန်လည်အပ်နှံပြီး ထိုအခြေအနေ ထပ်မံပေါ်ပေါက်ခဲ့မည်ဆိုပါက လက်ရှိအခြေအနေတွင် စက်ဝယ်သူတောင်သူများဘက်မှ ပေးဆပ်ရန်ကျန်ရှိသည့်ငွေကို ချုပ်ဆိုထားသည့် စာချုပ်အပေါ် စစ်ဆေးချက်အရ လုပ်ထုံးလုပ်နည်းနှင့်အညီ ဈေးညှိနှိုင်း၍ သမဝါယမဦးစီးဌာနမှ ပြန်လည်သုံးသပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်နှင့် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် ဦးလှကျော်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်က **လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းသော ဈေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာစေရေး၊ စိုက်ပျိုးရေးပညာရှင်များဖြင့် လက်တွေ့နည်းပညာရပ်များပေးနိုင်မည့် စံပြစိုက်ကွက်များ ဖော်ဆောင်ပေးခြင်း၊ စိုက်ကွင်း စိုက်ကွက်များအရောက်ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် လယ်ယာသီးနှံစိုက်ပျိုးရေး နည်းပညာရပ်များ ပိုမိုထွန်းကားလာစေရေး အင်တိုက်အားတိုက် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းသည်။

ဆက်လက်၍ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## (Waste to Energy Plant) နှင့် အမှိုက်မီးရှို့စက်တို့ကဲ့သို့သော စက်ရုံများကို ပိုမိုတိုးမြှင့်တည်ဆောက်ရန် တိုက်တွန်းကြောင်းအဆို တင်သွင်း

ယင်းနောက် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းက **စွန့်ပစ်ပစ္စည်းအမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းပပျောက်စေရန် နေ့စဉ်မီးရှို့နိုင်သော အမှိုက်တန် ၂၀၀၀ ကျော်ထွက်ရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် အနည်းဆုံးတန် ၆၀ ထွက်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့ကြီးများတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် နေ့စဉ် အမှိုက်တန် ၆၀ ကို မီးရှို့၍ ထွက်ရှိလာသော အပူရှိန်ကို အသုံးပြုကာ လျှပ်စစ်ဓာတ်အား 760 KW ထုတ်လုပ်သည့်စက်ရုံ (Waste to Energy Plant) နှင့် အမှိုက်မီးရှို့စက် (Furnace)တို့ကဲ့သို့သော စက်ရုံများကို ပိုမိုတိုးမြှင့်တည်ဆောက်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် စွန့်ပစ်ပစ္စည်းအမှိုက်များကြောင့် ဖြစ်ပေါ်လာသော မြင်ကွင်းနှင့်အနံ့ဆိုးများ ထွက်ရှိခြင်း၊ မြေဆီလွှာပျက်စီးစေခြင်း၊ သောက်သုံးရေများ ညစ်ညမ်း၍ အဆိပ်အတောက်ဖြစ်စေခြင်း၊ ကူးစက်ရောဂါဖြစ်စေနိုင်သော ပိုးမွှားများနှင့် ကူးစက်ရောဂါများကို သယ်ဆောင်ပြန့်ပွားစေနိုင်သော ပိုးမွှားများ ရှင်သန်ပေါက်ပွား၍ လူတို့အား ကပ်ရောဂါအသွင် ကူးစက်ရောဂါများ ပြန့်ပွားစေနိုင်ခြင်း၊ ဆေးဝါးစွန့်ပစ်ပစ္စည်းများမှ ဖန်ကွဲ၊ ဆေးထိုးအပ်တို့မှ ကူးစက်ရောဂါအန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်း၊ စွန့်ပစ်အမှိုက်ပုံကြီးများမှ မီးလောင်လွယ်သော မီသိန်းဓာတ်ငွေ့များ၊ နိုက်ထရိုဂျင်နှင့် ဆာလဖာဓာတ်ငွေ့များ ထွက်ရှိနိုင်ခြင်း၊ မီသိန်းဓာတ်ငွေ့များကြောင့် အမှိုက်ပုံကြီးများ ရက်ရှည်မီးလောင်၍ အဆိပ်သင့် မီးခိုးများ ထွက်ရှိကာ ပတ်ဝန်းကျင်ရှိ လူများကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊ နိုက်ထရိုဂျင်နှင့် ဆာလဖာဓာတ်ငွေ့များသည် ရေနှင့်ထိတွေ့ကာ နိုက်ထရစ်အက်စစ်မိုးနှင့် ဆာလဖြူရစ်အက်စစ်မိုးများ ရွာချကာ သက်ရှိလောကအား အန္တရာယ်ဖြစ်စေနိုင်ခြင်း၊ မတည်ငြိမ်သည့် အမှိုက်ပုံကြီးများပေါ်သို့ သွားရောက်သူများအား ထိခိုက်ဒဏ်ရာရစေနိုင်ခြင်းနှင့် အသက်ဘေးအန္တရာယ်ထိ ဖြစ်ပေါ်စေနိုင်ခြင်း၊ ဖန်လုံအာနိသင်ဓာတ်ငွေ့ (Green House Gas) များ ထွက်ရှိ၍ အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေနိုင်ခြင်းနှင့် သဘာဝဂေဟစနစ်များ ပျက်စီးစေနိုင်ခြင်း စသည်တို့ကို ဖြစ်ပေါ်စေနိုင်ပါကြောင်း။

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံကြီးကို ၂၀၁၈ ခုနှစ် ဧပြီ ၂၀ ရက်မှ မေ ၃ ရက်အထိ ၁၄ ရက်ကြာ မီးလောင်ကျွမ်းမှုကြီး ဖြစ်ခဲ့ပါကြောင်း၊ ပတ်ဝန်းကျင်ကို မီးခိုးမြူများပိတ်စေပြီး နိုင်ငံတော်အနေဖြင့်လည်း လူအား၊ ငွေအား၊ ပစ္စည်းအားများဖြင့် ခက်ခဲစွာ ငြိမ်းသတ်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ထိန်ပင်အမှိုက်ပုံသည် နေ့စဉ် အမှိုက်တန်ချိန် ၁၀၀၀ ကျော် လာရောက်စုပုံလျက်ရှိသည့်အတွက် ထိုအမှိုက်များကိုမီးရှို့နိုင်သည့် အမှိုက်မှစွမ်းအင်ထုတ်လုပ်သည့်စက်ရုံတည်ဆောက်နိုင်မည်ဆိုပါက ဆိုးကျိုးများစွာကင်းဝေးမည်ဖြစ်ပါကြောင်း၊ လှိုင်သာယာတွင် တန် ၁၀၀၀ ကျော် အမှိုက်များကို နေ့စဉ်မီးရှို့ပြီး လျှပ်စစ်ဓာတ်ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ရန် အမြန်ဆုံး စီမံချက်ရေးဆွဲပြီး တည်ဆောက်သင့်ကြောင်းကို တင်ပြအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်မှ ယခုအဆိုအား လက်ခံဆွေးနွေးပြီး ခေတ်မီစက်ရုံများကို မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် မြို့ကြီးများတွင် အမြန်တည်ဆောက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်စင်ထွန်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကိုအားပေးသည့် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်    မေ    ၁၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ငါးဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **အခြေခံပညာကျောင်းများတွင် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကား သင်ကြားမည့် ဆရာ ဆရာမများ၏ စာသင်ချိန် တစ်နာရီ သင်ကြားမှုအတွက် တစ်လ ၃၀၀၀၀ ကျပ်ဖြစ်၍ တစ်ရက်လျှင် ၁၀၀၀ ကျပ်သည် ခေတ်ကာလငွေတန်ဖိုးအရ မသင့်လျော်ပါသဖြင့် သင့်လျော်ရာနှုန်းထားသို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တိုင်းရင်းသားဘာသာစာပေသင်ကြားပို့ချသည့် ဆရာ ဆရာမ (ပြင်ပ) များအား တစ်လလျှင် ငွေကျပ် ၃၀၀၀၀ ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ညီညွတ်ပါက ငွေကျပ် ၃၀၀၀၀ ဖြင့် ခန့်ထားသည့် ဆရာ ဆရာမများအနက်မှ (Teaching Assistant) နေ့စားလပေးအဖြစ် ခန့်ထားပေးရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

## Teaching Assistant ပိုမိုခန့်ထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

တိုင်းရင်းသားဘာသာစာပေသင်ကြားသည့် ဆရာ ဆရာမများ၏ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားချိန်မှာ တစ်ရက်လျှင် တစ်နာရီဖြစ်ပါကြောင်း၊ ကျောင်းတက်ရက် ငါးရက်အတွက် ငါးနာရီ တစ်လလျှင် သင်ကြားချိန် နာရီ ၂၀ ဖြစ်သည့်အတွက် တစ်နာရီအတွက် လုပ်အားခမှာ ငွေကျပ် ၁၅၀၀ နှုန်း ထောက်ပံ့ကြေး ချီးမြှင့်ပေးခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိတွင် ပညာရေးဝန်ကြီးဌာနအတွက် ဘဏ္ဍာငွေရရှိမှုအခြေအနေအရ တိုင်းရင်းသားဘာသာစာပေသင်ကြားသည့် ဆရာ ဆရာမများအား ပေးအပ်သည့် ချီးမြှင့်ငွေအား တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိသော်လည်း Teaching Assistant ပိုမိုခန့်ထားပေးနိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၏ **KG + 12 စနစ်ပညာရေးအောင်မြင်နိုင်ရေးအတွက် KG စာသင်ခန်းများ အဆင့်မြှင့်တင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ အလုံအလောက်ထောက်ပံ့ခြင်း၊ ဆရာ ဆရာမများအား လုံလောက်သော သင်တန်းများနှင့် အခွင့်အလမ်းများ ပေးအပ်ခြင်းနှင့် မိဘ၊ ဆရာ ဆရာမများအား လက်ရှိအခြေအနေထက် ပိုမိုပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ကျောင်းတိုင်းတွင် ပညာရေးဆွေးနွေးပွဲများပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက KG အတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများအတွက် KG Kits များထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အလယ်တန်းနှင့် အထက်တန်းအတွက်လည်း ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်များ၊ သိပ္ပံပစ္စည်းများ၊ ICT များကိုလည်း ခွင့်ပြုဘဏ္ဍာငွေအရ ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဆရာ ဆရာမများ အရည်အသွေးမြင့်မားစေရန်အတွက် နှစ်နှစ်သင် ပညာရေးကောလိပ်အားလုံးကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသည့် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသားများ၊ ဆရာများ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ မသုံးစွဲရေး၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံ အသိပညာပေးရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးနှင့် ဂိမ်းစွဲလမ်းမှု ပပျောက်ရေးတို့အတွက်လည်း ဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း

ထို့ပြင် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍လည်း ကျောင်းသား၊ ကျောင်းသူများအားလုံး ကျောင်းတက်မှန်ရေး၊ ကျောင်းနေမြဲ၍ ကျောင်းမထွက်ရေး၊ တတိယတန်းပြီးပါက စာဖတ်တတ်၊ ရေးတတ်၊ တွက်တတ်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်၍ တစ်သက်တာ သင်ယူရေး၊ တာဝန်ယူ တာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်တတ်သော တီထွင်ကြံဆဖန်တီးနိုင်စွမ်းရှိသည့် လူသားကောင်းများဖြစ်ရေး၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မရပ်ကွက် (၁၃) နန်းဖာလုံ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပေ(၁၄၀×၃၀) Steel Structure နှစ်ထပ်အဆောင်သစ် ဆောက်လုပ်ပေးပြီး သစ္စာဆောင်ကို အန္တရာယ်ဆောင်သတ်မှတ်၍ ဖျက်သိမ်းပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နန်းဖာလုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင် ငါးဆောင်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူစုစုပေါင်း ၉၃၁ ဦးရှိပြီး သစ္စာဆောင်သည် အန္တရာယ်ရှိကျောင်းဆောင်ဖြစ်သည့်အတွက် ပေ (၉၀×၃၀) အုတ်ညှပ် တစ်ထပ် တစ်ဆောင်ကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လိုအပ်နေသည့် ပေ(၁၄၀×၃၀) Steel Structure နှစ်ထပ် ကျောင်းဆောင်သစ် တစ်ဆောင်တိုးချဲ့ဆောက်လုပ်နိုင်ရန် လိုအပ်နေသည့် ရန်ပုံငွေကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ် အောက်တွင် ခွဲဝေရရှိရန်အတွက် ဦးစားပေးအလိုက် ခွဲခြားသတ်မှတ်ပြီး ထည့်သွင်းလျာထားပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ **ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း အုတ်ကျင်းအား အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မိုးညှင်းအဖြစ် အမည်ပြောင်းလဲသတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အဆိုပါကျောင်းအတွက် RC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်နေသည့် ကျောင်းဆောင်ရရှိရန်နှင့် ကျောင်းအမည်ပြောင်းလဲရန်တို့အတွက် သက်ဆိုင်ရာကျောင်းများမှတစ်ဆင့် မြို့နယ်၊ ခရိုင်ပညာရေးမှူးရုံးများ၏ ထောက်ခံချက်၊ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူပြီး အခြေခံပညာဦးစီးဌာနသို့ အမှုတွဲလွှဲပြောင်းတင်ပြပါက အခြေခံပညာဦးစီးဌာနမှ ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီထံသို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ကျောင်းအမည်ပြောင်းလဲရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လိုအပ်နေသည့် ပေ (၁၄၀×၃၀) RC နှစ်ထပ် ကျောင်းဆောင် တစ်ဆောင် တိုးချဲ့တည်ဆောက်နိုင်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်တွင် ခွဲဝေရရှိမည့် ရန်ပုံငွေအခြေအနေအပေါ်မူတည်၍ ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး ထည့်သွင်းလျာထားပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် အိုင်ဘူးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင် အဆောင်(၂) အား ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထန်တလန်မြို့နယ် အိုင်ဘူးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပျက်စီးနေသော အန္တရာယ်ကျောင်းဆောင်များအတွက် လိုအပ်နေသည့် ပေ (၁၄၀×၃၀) RC နှစ်ထပ် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်တွင် ခွဲဝေရရှိမည့် ရန်ပုံငွေအခြေအနေအပေါ်မူတည်၍ ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး ထည့်သွင်းလျာထားပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော်    မေ    ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံတေးသီချင်းမူပိုင်ရှင်များအသင်း၊ ဂီတအနုပညာရှင်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

○ **ကျောဖုံးမှ**

အဆိုပါဖိုရမ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် ပြည်ပသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအရာရှိကြီးများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ စုစုပေါင်း ၁၂၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံမှ ပေးပို့သောဂုဏ်ပြုအမှာစကားကို ထုတ်လွှင့်ပြသသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အောင်မြင်စေရန် စုပေါင်းအားရဲ့ အရေးပါမှုကို ခိုင်မာစွာယုံကြည်ပါကြောင်း၊ အစိုးရပိုင်းက ခိုင်မာတဲ့ မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းမူဘောင်များကို ချမှတ်အကောင်ထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍနှင့်လည်း အတူတကွပူးပေါင်း၍ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော စီးပွားရေးဝန်းကျင်ဖြစ်စေဖို့ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း" ပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှာစကားကို စာမျက်နှာ-၇ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားပြီး ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ပြင်ပရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ဖို့ ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းတည်ထောင်ထားပြီး ဖြစ်ကြောင်း ပြောကြားသည်။ ထို့ပြင် စီးပွားရေးအသိုက်အဝန်း၏ လိုအပ်ချက်နှင့် ဆောင်ရွက်ချက်များကို ပိုမိုသိရှိနားလည်ရေးအတွက် မိမိအနေဖြင့် စီးပွားရေးအသိုက်အဝန်းက အသံများကို ဆက်လက်၍ အလေးအနက် နားထောင်ပြီး ပြည်သူများ၏ အကျိုးစီးပွားအတွက် အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ဖိုရမ်ရဲ့ ဆောင်ပုဒ်မှာ "Yangon Region: Investment Hub in Myanmar" ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေး အဓိကအချက်အချာကျသည့် နေရာသာမက အာရှတိုက်၏ ရင်းနှီးမြှုပ်နှံမှုအချက်အချာ နေရာဖြစ်ရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Investors Development Association (MIDA) ဥက္ကဋ္ဌ ဦးခင်မောင်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနား အစီအစဉ်အရ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ တင်ပြချက်များနှင့် စကားဝိုင်းဆွေးနွေးပွဲများကို အသီးသီးကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ဖိုရမ်သို့ ပါဝင်တက်ရောက်သူများသည် မေ ၁၁ ရက်တွင် သီလဝါအထူး စီးပွားရေးဇုန်၊ လှိုင်သာယာစက်မှုဇုန်နှင့် MICT Park တို့သို့ သွားရောက်လေ့လာကြ မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ဖိုရမ်သည် ပြည်တွင်းပြည်ပ ကုမ္ပဏီများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ပိုမိုဆွဲဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် Lotte Hotel ၌ Myanmar Investors Development Association (MIDA) က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။




ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

❖ **မြန်မာ ယူ-၁၅ မှ**

ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ပိုကောင်းသွားခဲ့သည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၁၆၊ ၂၉၊ ၃၇၊ ၅၇၊ ၅၈၊ ၆၂၊ ၇၆ မိနစ်တွင် ဆုမြတ်နိုးက ခုနစ်ဂိုး၊ ၆၊ ၂၆၊ ၄၀၊ ၄၀+၂၊ ၈၀ မိနစ်တွင် ယုယနိုင်က ငါးဂိုး၊ ၃၊ ၁၈၊ ၁၉၊ ၂၂ မိနစ်တွင် သန်းသန်းစိုးက လေးဂိုး၊ ၇၊ ၂၇၊ ၃၅ မိနစ်တွင် ဇင်မိုးပြည့်က သုံးဂိုး၊ ၂၂၊ ၃၃ မိနစ်တွင် ထူးသိင်္ဂီနိုင်က နှစ်ဂိုး၊ ၅၉ မိနစ်တွင် နန်းချိုမွှေး၊ ၆၅ မိနစ်တွင် ပိုင်ဖြိုးဆု၊ ၆၆ မိနစ်တွင် အေးထက်ထက်ပိုင်၊ ၈၀+၃ မိနစ်တွင် ဝေနှင်းဖြိုးတို့က တစ်ဂိုးစီ သွင်းယူခဲ့ပြီး ၆၈ မိနစ်တွင် ရရှိသည့်ဂိုးမှာ တီမောအသင်း ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (က) ၌ ကျရောက်နေပြီး ဗီယက်နမ်၊ တီမော၊ ဖိလစ်ပိုင်တို့နှင့်အတူ ပါဝင်နေသည်။ မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် မေ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MFF**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံ

**စစ်တွေ မေ ၁၀**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သည့် ကော်မတီအဖွဲ့ဝင်များသည် ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်း၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ညီလာခံဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဦးညီလှငယ်၊ ရဲဗိုလ်ချုပ်အောင်နိုင်သူ၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ အထူးဖိတ်ကြား၍ တက်ရောက်လာသူများဖြစ်သည့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က အမှာစကားများ ပြောကြားသည်။



ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ မကြာမီရောက်ရှိလာတော့မည့် မိုးရာသီကာလအတွင်း တိုက်ပွဲရှောင်ပြည်သူများ လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးအတွက် ယာယီအဆောက်အအုံများဆောက်လုပ်မည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူးအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်အား တာဝန်ပေးအပ်ပြီး ကော်မတီ၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ရေးဆောင်ရွက်မည့် အစီအမံများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအနေဖြင့် ထောက်ပံ့လှူဒါန်းနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဒုတိယဝန်ကြီး ဦးတင်မြင့်တို့က သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

# အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

**ရန်ကုန် မေ ၁၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပြုလုပ်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများအကြား အငြင်းပွားမှုများကို ဥပဒေနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်နေကြသော မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ ခုံသမာဓိကောင်စီဝင်များ၏ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ အတွေ့အကြုံများ အပြန်အလှန်ပေါင်းစပ်ဖလှယ်နိုင်သောကြောင့် နောင်တွေ့ကြုံလာမည့် အငြင်းပွားမှုများကို ဖြေရှင်းရာတွင် များစွာအထောက်အကူဖြစ်စေကြောင်း၊ အငြင်းပွားမှုများအား ထိရောက်စွာ ဖြေရှင်းနိုင်ရေးအတွက် အငြင်းပွားမှုဖြေရှင်းရေးယန္တရား ခိုင်မာအားကောင်းရန် လိုအပ်သကဲ့သို့ အငြင်းပွားမှု ဖျန်ဖြေဆုံးဖြတ်သည့် အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ပေါ်တွင်လည်း မူတည်ကြောင်း၊ ၎င်းအပြင် အလုပ်ရှင်နှင့် အလုပ်သမားများသည် တည်ဆဲအလုပ်သမားဥပဒေများကို သိရှိလေးစားလိုက်နာရန်လည်း လိုအပ်ပါကြောင်း၊ ယနေ့ပြုလုပ်သည့် နှီးနှောဖလှယ်ပွဲတွင် ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများကို ထိရောက်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ဆုံးဖြတ်ချက်ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး တက်ရောက်လာသည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ ခုံသမာဓိကောင်စီဝင်များက လက်ရှိဖြစ်ပေါ်နေသော အလုပ်သမားရေးရာ အငြင်းပွားမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို အချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ အသိအမြင်များဖလှယ်ခဲ့ကြပြီး အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည့် အကြံပြုချက်များ ဆွေးနွေးကြသည်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့ဖြင့် အဆင့်ဆင့်ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဧပြီလအထိ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များမှ အမှု ၁၅၆၀၊ ခုံသမာဓိအဖွဲ့များမှ ၁၃၉ မှု၊ ခုံသမာဓိကောင်စီမှ ၇၁ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း၊ ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ILO မှ Liaison Officer Mr. Rory Mungoven၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (AFFM- IUF)၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (MICS - TUsF) တို့မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဖိတ်ကြားထားသည့် ခုံသမာဓိအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခုံသမာဓိကောင်စီဝင်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **သီသီမင်း**

# Biomass လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ပြည်ထောင်စုအစိုးရထံ တင်ပြထား

**မန္တလေး မေ ၁၀**

ဂရိတ်ဝေါလ်အင်တာနေရှင်နယ်ကုမ္ပဏီအနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် Biomass လျှပ်စစ်ဓာတ်အားစက်ရုံများ တည်ဆောက်ထုတ်လုပ်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြထားကြောင်း သိရသည်။

“Biomass လျှပ်စစ်ဓာတ်အားပေးစက်ရုံလုပ်ဆောင်ဖို့ ၂၀၁၆ ခုနှစ်ကတည်းက တရုတ်ပြည်မှာ သွားရောက်လေ့လာခဲ့ပြီး ဇီဝလောင်စာအတွက် ကုန်ကြမ်းတွေကို စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ အဓိကအနေနဲ့ တောင်သူတွေရဲ့ စိုက်ခင်းတွေမှာ ထွက်ရှိလာမယ့် စွန့်ပစ်အမှိုက်တွေကို ရောင်းချနိုင်အောင်နဲ့ သီးနှံတွေအထွက်တိုးအောင်မြင်ပြီး နိုင်ငံရဲ့ GDPအတွက် အကျိုးပြုနိုင်အောင် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ မည်သည့်သီးနှံကမဆို ထွက်ရှိလာမယ့် အမှိုက်တွေကို မီးရှို့ပစ်ရမယ့်အတူတူ အခုလိုလောင်စာအဖြစ်အသုံးပြုနိုင်ပြီး နိုင်ငံရဲ့ လိုအပ်တဲ့ လျှပ်စစ်ဓာတ်ထုတ်လုပ်နိုင်အောင် ဖြစ်ပါတယ်။ လက်ရှိ မဂ္ဂါဝပ် ၆၀ ထုတ်နိုင်အောင် ကုန်ကြမ်းလောင်စာ ဘယ်လောက်လိုတယ်ဆိုတာအထိ တွက်ချက်ထားပြီးသားပါ။ လယ်ယာကထွက်ရှိတဲ့ ပင်စည်နဲ့ ကိုင်းဖျား ကိုင်းနားတွေကိုကုန်ကြမ်းအဖြစ်သုံးခြင်းဖြစ်ပါတယ်။ စက်ရုံတည်ဆောက်ဖို့အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက စက်ရုံနဲ့ပတ်သက်တဲ့ အစီရင်ခံစာတွေကို ပြည်ထောင်စုအစိုးရဆီမှာ တင်ပြထားတယ်။ ခွင့်ပြုချက်ရခဲ့ရင် တရုတ်နည်းပညာနဲ့ တစ်နှစ်ခွဲအတွင်းမှာ စက်ရုံတည်ဆောက်သွားမယ်”ဟု ဂရိတ်ဝေါလ်အင်တာနေရှင်နယ်ကုမ္ပဏီမှ အကြံပေးနှင့် စီမံကိန်းဒါရိုက်တာ ဦးတင်မောင်အုန်းက ပြောကြားသည်။

Biomass လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်အတွက် အခြေခံကုန်ကြမ်းအဖြစ် စွမ်းအင်မြက်၊ စပ်မျိုးအစေ့ကြားကြက်ဆူ(ပင်စည်ပင်ကိုင်း)၊ ပဲစင်းငုံ(ပင်စည်ပင်ကိုင်း)၊ နှမ်း(ပင်စည်ပင်ကိုင်း)၊ အကြီးမြန် ယူကလစ်(ငါးနှစ်ပြည့်ကိုင်းဖျားကိုင်းနား)တို့ကိုအသုံးပြု၍ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားစက်ရုံများကို ကသာ၊ တကောင်း-ကြာညှပ်ဒေသတို့တွင် မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်မည့်စက်ရုံများကို တည်ဆောက်သွားမည်ဖြစ်သည်။

“ဒီလုပ်ငန်းက တောင်သူတွေအတွက် အဓိကအကျိုးဖြစ်ထွန်းနိုင်တဲ့အရာပါ။ အခုဆောက်မယ့်စက်ရုံဝန်းကျင်ကျေးရွာတွေက တောင်သူတွေကို စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးနိုင်အောင် နည်းပညာတွေပေးဖို့ ရှိတယ်။ လယ်ယာကထွက်ရှိတဲ့ အမှိုက်တွေကိုလည်း တစ်တန်ကို နှစ်သောင်းနဲ့ သုံးသောင်းခွဲကြားမှာ ပေးဝယ်သွားဖို့ရှိပါတယ်။ ထွက်ရှိလာတဲ့ ဓာတ်အားတွေကိုလည်း နိုင်ငံတော်ကိုပို့ပေးသွားမှာပါ” ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အားကုန်ကြမ်းဖြစ်သော စွမ်းအင်မြက်၊ စပ်မျိုးအစေ့ကြားကြက်ဆူ (ပင်စည်ပင်ကိုင်း)၊ အကြီးမြန်ယူကလစ်(ငါးနှစ်ပြည့်ကိုင်းဖျားကိုင်းနား)တို့ကို ဂရိတ်ဝေါလ်ကုမ္ပဏီမှ စိုက်ပျိုးထားရှိပြီး ပဲစင်းငုံ(ပင်စည်ပင်ကိုင်း)၊ နှမ်း(ပင်စည်ပင်ကိုင်း) တို့ကို ဒေသခံတောင်သူများထံမှ ဝယ်ယူသွားမည်ဖြစ်သည်။ တည်ဆောက်ခွင့်ရပါက ယခုတည်ဆောက်မည့် Biomass လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပထမဆုံးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲ ကျင်းပမည်

**တပ်ကုန်း မေ ၁၀။** ။နေပြည်တော် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲကို မေ ၁၂ ရက်တွင် တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်ကြီးတွင် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် အလှူရှင်များစုပေါင်း၍ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၂ ရွာမှ ရှင်သာမဏေလောင်း ၂၃၈ ပါး၊ မြို့ပေါ်ရပ်ကွက် ၆ ရပ်ကွက်မှ ရှင်သာမဏေလောင်း ၆၂ ပါး စုစုပေါင်းရှင်အပါး ၃၀၀ အား မေ ၁၁ ရက်တွင် မိုးကောင်းဆုတောင်းပြည့်ဘုရားကြီးမှ ငွေတောင်တောရကျောင်းတိုက်သို့ မောင်ရှင်လောင်းလှည့်လည်ကြမည်ဖြစ်ပြီး မေ ၁၂ ရက်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုကို ကပ်လှူပူဇော်၍ ရေစက်ချတရားနာယူကြမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

# အမေရိကန်က တရုတ်ကုန်ပစ္စည်းတင်သွင်းမှုအပေါ် အခွန်အခ တိုးမြှင့်ကောက်ခံ

**ဝါရှင်တန် မေ ၁၀**

အမေရိကန်ပြည်ထောင်စုက တရုတ်ကုန်ပစ္စည်းများ တင်သွင်းမှုအပေါ် အခွန်တင်းကျပ်မှုများ စတင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နှစ်နိုင်ငံတာဝန်ရှိသူများက ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုနှင့်ပတ်သက်ပြီး သဘောတူညီချက်မရရှိဘဲ မေ ၉ ရက်တွင် ကျင်းပသော အစည်းအဝေးပွဲကို အဆုံးသတ်ခဲ့ရသည်။

အမေရိကန်က ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိသော တရုတ်ကုန်ပစ္စည်းများကို ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း အထိ အခွန်အခ တိုးမြှင့်ကောက်ခံလျက်ရှိသည်။

နှစ်နိုင်ငံကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းသူများက မေ ၁၁ ရက်တွင် ဝါရှင်တန်မြို့၌ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများကို ဆက်လက်ညှိနှိုင်းဆွေးနွေးမည်ဖြစ်သော်လည်း ရလဒ်ထွက်ပေါ်နိုင်ဖွယ်ရှိမည်မဟုတ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

တရုတ်စီးပွားရေးဝန်ကြီးဌာနက အမေရိကန်၏ အခွန်အခတိုးမြှင့်ကောက်ခံမှုအပေါ် ပြန်လည်တုံ့ပြန်ချက်များကို ပြင်ဆင်ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် မည်သို့ ပြန်လည်တုံ့ပြန်မလဲဆိုသည်နှင့် ပတ်သက်ပြီး အသေးစိတ်ပြောကြားခြင်းမရှိခဲ့ပေ။

အမေရိကန်-တရုတ် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်မှုသည် နှစ်နိုင်ငံပြည်သူများအတွက် ကောင်းမွန်သော လက္ခဏာဖြစ်ပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံစေ့စပ်ညှိနှိုင်းမှုများ၏ အရေးပါမှုကိုလည်း အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# ရှာနာဟန်အား ကာကွယ်ရေးဝန်ကြီးအဖြစ် သမ္မတထရမ့်က ခန့်အပ်မည်ဟုဆို



**ဝါရှင်တန် မေ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရှာနာဟန်အား ၎င်း၏ အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်မည်ဟု အမေရိကန်သမ္မတ အိမ်ဖြူတော်က ပြောကြားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အသက် ၅၆ နှစ်အရွယ်ရှိသည့် ရှာနာဟန်သည် ယခုနှစ် ဇန်နဝါရီလ အတွင်းက ကာကွယ်ရေးဝန်ကြီး ဂျိမ်မတ်တစ်ရာထူးမှ နုတ်ထွက်ပြီးနောက် ခေတ္တကာကွယ်ရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ရှာနာဟန်သည် လွန်ခဲ့သည့်လအနည်းငယ်အတွင်းက ကာကွယ်ရေးဝန်ကြီးအဖြစ် လက်တွေ့တာဝန်ထမ်းဆောင်ခဲ့ပြီး အရည်အချင်းပြည့်မီခဲ့ပြီဖြစ်ကြောင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနကို ဆက်လက်ဦးဆောင်ကာ ပိုမိုကောင်းမွန်သည့် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြန်ကြားရေးအရာရှိ ဆာရာဆန်းဒါးစ်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ရှာနာဟန်သည် ၁၉၈၆ ခုနှစ်ကတည်းကစ၍ ဘိုးရင်းကုမ္ပဏီတွင် နှစ် ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။

ရှာနာဟန်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ရန် အထက်လွှတ်တော်၏ အတည်ပြုမှု လိုအပ်နေသည်။ အထက်လွှတ်တော် အမတ်အချို့ကမူ ရှာနာဟန်၏ စစ်ဘက်ဆိုင်ရာနှင့် သံတမန်အတွေ့အကြုံချို့တဲ့နေမှုအား စိုးရိမ်မှုများ ရှိနေသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နှင့် တောင်ကိုရီးယား နျူကလီးယားလက်နက် ဖျက်သိမ်းရေး ထိပ်တန်းအထူးကိုယ်စားလှယ်များ ပြုံယမ်းအရေးဆွေးနွေး

**ဆိုးလ် မေ ၁၀**

မြောက်ကိုရီးယားက ဒုံးကျည်များပြန်လည်စမ်းသပ်ပစ်လွှတ်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် အမေရိကန်နှင့် တောင်ကိုရီးယား နျူကလီးယားလက်နက် ဖျက်သိမ်းရေး ထိပ်တန်းအထူးကိုယ်စားလှယ်များက ဆိုးလ်မြို့တွင် တွေ့ဆုံခဲ့ပြီး နျူကလီးယားအရေးနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ကိုရီးယားကျွန်းဆွယ်ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယား အထူးကိုယ်စားလှယ် လီဒိုဟွန်နှင့် မြောက်ကိုရီးယား နျူကလီးယားလက်နက် ဖျက်သိမ်းရေးဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖန် ဘီဂန်တို့သည် ပြုံယမ်း၏ နျူကလီးယားလက်နက် ဖျက်သိမ်းရေးအစီအစဉ် ပြန်လည်အသက်ဝင်လာစေရေးနှင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း၌ ရေရှည်ငြိမ်းချမ်းရေး ရရှိမှုအတွက် လုပ်ဆောင်ရမည့် နည်းလမ်းကောင်းများကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြောက်ကိုရီးယား၏ မကြာသေးမီက ဒုံးကျည်များ ပစ်လွှတ်ခဲ့မှုနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ တောင်ကိုရီးယား ကာကွယ်ရေးနှင့် ကိုရီးယားနှစ်နိုင်ငံ ပြန်လည်သင့်မြတ်ရေးဝန်ကြီးဌာနများအပါအဝင် အိမ်ပြာတော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးကို ပြုံယမ်း၏ တာတိုပစ်ဒုံးကျည် နှစ်စင်း ပစ်လွှတ်စမ်းသပ်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော ငါးရက်အကြာက ပြုံယမ်းက ဂျပန်ပင်လယ်အတွင်းသို့ တာတိုပစ် ဒုံးလက်နက်များ စမ်းသပ်ပစ်လွှတ်ခဲ့သည်။

လွန်ခဲ့သော ဒီဇင်ဘာလတွင် အမေရိကန်နှင့် တောင်ကိုရီးယား နျူကလီးယားလက်နက် ဖျက်သိမ်းရေး ထိပ်တန်းအထူးကိုယ်စားလှယ်များက နျူကလီးယားလက်နက်ဖျက်သိမ်းရေး၊ စီးပွားရေးပိတ်ဆို့မှုဆိုင်ရာ ကိစ္စရပ်များနှင့် ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေးစသည့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**



တောင်ကိုရီးယား အထူးကိုယ်စားလှယ် လီဒိုဟွန် | အမေရိကန်အထူးကိုယ်စားလှယ် စတီဖန် ဘီဂန်

# အာဖဂန်နစ္စတန်တွင် နေတိုးဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်၊ တာလီဘန်စစ်သွေးကြွ ၁၁ ဦး သေဆုံး

**ကဘူး မေ ၁၀**

လွန်ခဲ့သည့် ၂၄ နာရီအတွင်းက အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုး ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့မှ လေကြောင်းစီးနင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ တာလီဘန်စစ်သွေးကြွ ၁၁ ဦးသေဆုံးသွားကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၀ ရက်တွင် ပြောကြားသည်။

နေတိုးဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့မှ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များနှင့် ညှိနှိုင်း၍ လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကို အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ် အက်ဟန်ဒက်ခရိုင် အဗ္ဗဒူလာခန်ကျေးရွာတွင် ပြုလုပ်ခဲ့ရာ စစ်သွေးကြွကိုးဦး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ဂါဇာနီပြည်နယ် အရှေ့ပိုင်း ကန်ဒါခရိုင်တွင် နေတိုးဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့၏ တိုက်ခိုက်မှုအတွင်း စစ်သွေးကြွနှစ်ဦး သေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

နေတိုးအဖွဲ့က အထောက်အကူပေးမှုဖြင့် အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တာလီဘန်စစ်သွေးကြွများအား မြေပြင်နှင့် လေကြောင်းထိုးစစ်များကို တိုးမြှင့်ပြုလုပ်ခဲ့သည်။

တာလီဘန်စစ်သွေးကြွများက ပြုလုပ်မြဲဖြစ်သည့် နွေဦးရာသီ ထိုးစစ်ဆင်မှုများဟု လူသိများသည့် စစ်ပွဲဆင်နွှဲမည့် ရာသီအတွင်း နိုင်ငံအနှံ့တွင် တာလီဘန်စစ်သွေးကြွများအား အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက တိုက်ခိုက်လျက်ရှိသည်။

အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အပေါ် တာလီဘန်အဖွဲ့က လတ်တလောတွင် မှတ်ချက်ပြုပြောကြားခြင်း မရှိပေ။

**ဆင်ဟွာ**

# ယခုနှစ်ပထမသုံးလအတွင်း ဖိလစ်ပိုင်သို့လာရောက်သည့် တရုတ်ခရီးသွားဦးရေ ၂၅ ရာခိုင်နှုန်းခန့် မြင့်တက်

**မနီလာ မေ ၁၀**

၂၀၁၉ ခုနှစ် ပထမ သုံးလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ လည်ပတ်ခဲ့သည့် တရုတ်ခရီးသွားအရေအတွက်မှာ ၂၄ ဒသမ ၈၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဖိလစ်ပိုင် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော အချက်အလက်များအရ သိရသည်။

ဖိလစ်ပိုင် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ အချက်အလက်များအရ ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း တရုတ်ခရီးသွား ၄၆၃၈၀၄ ဦး ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး ယမန်နှစ် အလားတူကာလအတွင်း လာရောက်ခဲ့သည့် တရုတ်ခရီးသွား ၃၇၁၄၂၉ ဦးထက် ၂၄ ဒသမ ၈၇ ရာခိုင်နှုန်း များပြားလာခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ခရီးသွား ၅၁၉၅၈၄ ဦးဖြင့် အများဆုံး လာရောက်လည်ပတ်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံပြီးလျှင် တရုတ်နိုင်ငံက ခရီးသွားဒုတိယအများဆုံး လာရောက်လည်ပတ်သည့်နိုင်ငံဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယား ခရီးသွားအရေအတွက်မှာ ယမန်နှစ် အလားတူကာလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ လည်ပတ်ခဲ့သည့် ၄၇၇၀၈၇ ဦးထက် ၈ ဒသမ ၉၁ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။ ယခုနှစ် ပထမ သုံးလအတွင်း ပြည်ပခရီးသွား ၂ ဒသမ ၂ သန်းကျော် ဖိလစ်ပိုင်နိုင်ငံသို့ လည်ပတ်ခဲ့ပြီး ယမန်နှစ် အလားတူကာလအတွင်း မှတ်တမ်းတင်ထားသည့် ပြည်ပခရီးသွား ၂ ဒသမ ၀၅ သန်းထက် ၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဆိုသည်။

ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ ယခုနှစ်အတွင်း ပြည်ပခရီးသွား ၈ ဒသမ ၂ သန်း ဆွဲဆောင်မည့် ရည်မှန်းချက်ပြည့်မီရေးလမ်းကြောင်းပေါ် ဖိလစ်ပိုင်နိုင်ငံက ရောက်ရှိနေသည်ကို အချက်အလက်များက ပြသခဲ့ကြောင်း ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဝန်ကြီး ဘားနတ်တီပူရတ်က ပြောသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# အီရန်၏ ခြိမ်းခြောက်သော လုပ်ရပ်များအပေါ် အမေရိကန်သတိပေး



**ဝါရှင်တန် မေ ၁၀**

မည်သည့်နိုင်ငံမဆို အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားများအပေါ် တိုက်ခိုက်မှုများပြုလုပ်ရန် ခြိမ်းခြောက်သည့်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ လက်တုံ့ပြန်မှုကို ခံရမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အီရန်နိုင်ငံကို မေ ၁၀ ရက်တွင် သတိပေးလိုက်သည်။

တစ်ဆက်တည်းမှာပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက အီရန်နိုင်ငံသည် မကြာသေးမီ သီတင်းပတ်များမှစ၍ တင်းမာမှုများ အရှိန်မြင့်မားအောင် ခြိမ်းခြောက်သည့်လုပ်ရပ်များနှင့် ထုတ်ပြန်ကြေညာချက်များတွင် ပါဝင်ပတ်သက်နေကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်၏အကျိုးစီးပွားများ သို့မဟုတ် အမေရိကန်ပြည်သူများအပေါ် တိုက်ခိုက်သူများသည် မြန်ဆန်ပြီး တိကျပြတ်သားသော အမေရိကန်၏ လက်တုံ့ပြန်မှု ရလဒ်ကိုသာ ရရှိသွားမည်ကို အီရန်အနေဖြင့် နားလည် သဘောပေါက်သင့်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်က သတိပေးလိုက်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် ဂရင်းလန်းကျွန်းသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသော်လည်း အီရန်နိုင်ငံနှင့်တင်းမာမှု အရှိန်မြင့်မားနေမှုကြောင့် ၎င်း၏ခရီးစဉ်ကို ပြန်လည်ဖျက်သိမ်းခဲ့ရသည်ဟု ဒေသဆိုင်ရာ မီဒီယာက နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ အဆိုကို ကိုးကားဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံ၏လုပ်ရပ်များနှင့်ပတ်သက်ပြီး စီးပွားရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများ၊ နာမည်ပျက်အဖြစ် ရွေးချယ်သတ်မှတ်မှုများနှင့် စစ်ရေးအရ ခြိမ်းခြောက်မှုများနှင့်အတူ မကြာသေးမီ ရက်များမှစပြီး အီရန်အပေါ် ဖိအားပေးမှု အရှိန်တိုးမြှင့်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ၂၀၁၅ ခုနှစ်က လက်မှတ်ရေးထိုးထားသည့် အီရန်နျူကလီးယား သဘောတူစာချုပ်မှ ၂၀၁၈ ခုနှစ် မေ ၈ ရက်တွင် နုတ်ထွက်ခဲ့ပြီး တစ်နှစ်ပြည့်သည့်နေ့ မေ ၈ ရက်မှာပင် အီရန်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေရရှိမှုကို ပိတ်ပင်သွားရန် ရည်ရွယ်ပြီး အီရန်နိုင်ငံ၏ သံ၊ သံမဏိ၊ အလူမီနီယံ၊ ကြေးနီ အစရှိသည့် ကဏ္ဍများတွင် အရေးယူပိတ်ဆို့မှုအသစ် ချမှတ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ခွဲထွက်ရေးသမားများနှင့်ဆွေးနွေးရန် အသင့်ရှိဟု ကင်မရွန်းအစိုးရ ပြော

**ယောင်းဒီ မေ ၁၀**

ခွဲထွက်ရေးမှလွဲပြီး တောင်းဆိုချက်များနှင့်ပတ်သက်၍ လက်နက်ကိုင် ခွဲထွက်ရေးသမားများနှင့်ဆွေးနွေးရန် အစိုးရက ဆန္ဒရှိကြောင်း ကင်မရွန်းဝန်ကြီးချုပ် ဂျိုးဇက်ဒီအွန်ဂူတေးက ပြောကြားသည်။

"ကင်မရွန်းနိုင်ငံမှခွဲထွက်ရေးမှအပ နိုင်ငံရဲ့အနောက်မြောက်ပိုင်းနဲ့ အနောက်တောင်ပိုင်းမှာ ဖြစ်ပွားနေတဲ့ လူမှုရေး၊ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းမယ့် တရားဝင်ဆွေးနွေးပွဲတစ်ခု ကျင်းပဖို့ သမ္မတက အဆင်သင့်ပါပဲ။ ကင်မရွန်းသမ္မတက ခွဲထွက်ရေးသမားတွေနဲ့ ဆွေးနွေးမှုပြုလုပ်ဖို့ အသင့်ရှိပါတယ်" ဟု ကင်မရွန်းနိုင်ငံ အင်ဂလိုဖုန်းဒေသများရှိ အကြီးမားဆုံးမြို့တော်ဖြစ်သည့် ဘာမန်ဒါမြို့တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဂျိုးဇက်ဒီအွန်က ပြောကြားသည်။

ကင်မရွန်းနိုင်ငံရှိ အင်္ဂလိပ်စကားပြော အဆိုပါဒေသနှစ်ခုမှ အစိုးရတပ်ဖွဲ့များ ရုပ်သိမ်းမည်ဖြစ်ပြီး ခွဲထွက်ရေးသမားများက လက်နက်ချကာ လူ့အသိုင်းအဝိုင်းသို့ ပြန်လည်ပေါင်းစည်းပြီးလျှင် ဆွေးနွေးမှုစတင်မည်ဟု ၎င်းက ပြောသည်။ "ကျွန်တော် ဒီကိုလာခဲ့တာ ခင်ဗျားတို့အသံနားထောင်ဖို့၊ ဆွေးနွေးပွဲကျင်းပဖို့နဲ့ သာမန်ဘဝကို ပြန်လည်ပြောင်းလဲဖို့အတွက် ခွဲထွက်ရေးသမားတွေကို အကူအညီပေးဖို့ဖြစ်ပါတယ်" ဟု သတင်းစာရှင်းလင်းပွဲအတွင်း ဂျိုးဇက်ဒီအွန်က ပြောကြားသည်။

ငါးလအတွင်း ခွဲထွက်ရေးသမား ၅၆ ယောက်သည် သာမန်ဘဝကိုပြောင်းလဲနေထိုင်ရန် ဆန္ဒအလျောက် အစိုးရတပ်ဖွဲ့များထံ လက်နက်ချခဲ့ကြောင်း ကင်မရွန်းလက်နက်ဖြုတ်သိမ်းရေး ကော်မတီက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။ ခွဲထွက်ရေးသမားများက "အမ်ဘာဇိုနီးယား" ခေါ် လွတ်လပ်သောနိုင်ငံတစ်ခု တည်ဆောက်လိုရာ အနောက်မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်း အင်ဂလိုဖုန်းဒေသတွင် ကင်မရွန်းနိုင်ငံက လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်။

ကုလသမဂ္ဂအဖွဲ့၏ ပြောကြားချက်အရ ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည့် ပဋိပက္ခကြောင့် ကင်မရွန်းနိုင်ငံသား ၄၃၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာခဲ့ရပြီး ပြည်သူ ၃၀၀၀၀ ထက်မနည်း အိမ်နီးချင်း နိုင်ဂျီးရီးယားနိုင်ငံသို့ ထွက်ပြေးခဲ့ရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဘိုကိုဟာရမ် ဆန့်ကျင်သည့် နိုင်ဂျီးရီးယားပြည်သူ့စစ်လက်ထဲမှ ကလေး ၉၀၀ နီးပါးလွတ်မြောက်

**လာဂို့စ် မေ ၁၀**

နိုင်ဂျီးရီးယားအစိုးရအား ထောက်ခံအားပေးသည့် ပြည်သူ့စစ်က ထိန်းသိမ်းခံထားရသော ကလေး ၉၀၀ နီးပါးကို နိုင်ငံ၏အရှေ့မြောက်ဘက်တွင် မေ ၁၀ ရက်က လွတ်မြောက်ခွင့်ပေးလိုက်ကြောင်း ကုလသမဂ္ဂ က မေ ၁၀ ရက်တွင် ကြေညာသည်။

လူသစ်အဖြစ် စုဆောင်းခံထားရသည့် မိန်းကလေး ၁၀၆ ယောက် အပါအဝင် နိုင်ဂျီးရီးယားကလေး ၈၉၄ ယောက်တို့သည် ဘိုကိုဟာရမ် စစ်သွေးကြွအုပ်စုကို ဆန့်ကျင်ပြီး အစိုးရအား ထောက်ခံအားပေးသည့် အရပ်ဘက် ပြည်သူ့စစ်ဖြစ်သည့် အရပ်ဘက် ပူးတွဲ အထူးတာဝန်တပ်ဖွဲ့ (CFTJ) တွင် ထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။

လူသစ်စုဆောင်းမှုနှင့် ကလေးသူငယ်များအသုံးချမှု အဆုံးသတ်ရေးနှင့် ကာကွယ်ဟန့်တားရေးအတွက် အရပ်ဘက်ပူးတွဲအထူးတာဝန်တပ်ဖွဲ့၏ ကတိကဝတ်ပြုမှု အစိတ်အပိုင်းတစ်ခုအနေဖြင့် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက် မိုင်ဒူဂူရီမြို့တွင် ပြုလုပ်သော အခမ်းအနားတစ်ရပ်တွင် အဆိုပါ ကလေးများကို ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံရှိ အရပ်ဘက် ပူးတွဲ အထူး တာဝန်တပ်ဖွဲ့ကို လူ့အသိုက်အဝန်းများအပေါ် တိုက်ခိုက်ခြင်းများမှ အကာအကွယ်ပေးရန် ၂၀၁၃ ခုနှစ်က ဖွဲ့စည်းထူထောင်ခဲ့သော်လည်း ယင်းအဖွဲ့သည် ရာနှင့်ချီသော ကလေးများကို လူသစ်စုဆောင်းထားကြောင်း ယူနီဆက်၏ပြောကြားချက်အရ သိရသည်။

အရပ်ဘက် ပူးတွဲအထူးတာဝန်တပ်ဖွဲ့သည် လူသစ်စုဆောင်းမှု အဆုံးသတ်ရန်နှင့် ယခင်က ဖမ်းဆီးခံထားရသည့် ကလေးများအား ပြန်လည်လွှတ်ပေးရေးဆိုင်ရာ ကတိကဝတ်စာချုပ်ကို ၂၀၁၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထိုအချိန်မှစ၍ စုဆောင်းထားသည့် ကလေး ၁၇၂၇ ယောက်ကို လွှတ်မြောက်ခွင့် ပေးခဲ့သော်လည်း လောလောဆယ်ထိန်းသိမ်းထားဆဲ ကလေးဦးရေကိုမူ အတိအကျ မသိရသေးကြောင်း၊ သို့သော် မေ ၁၀ ရက်က ကလေး ၈၉၄ ယောက် လွှတ်မြောက်ခွင့်ပေးမှုအပေါ် ကုလသမဂ္ဂက ကြိုဆိုကြောင်း ယူနီဆက်က ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ဘက်တွင် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရန် ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စု၏ ဆယ်စုနှစ်ကြာ အုံကြွမှုသည် ယခုအခါ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် နိုင်ဂျာ၊ ချဒ်နှင့် ကင်မရွန်းနိုင်ငံတို့သို့ ကူးစက်ပျံ့နှံ့သွားကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**



နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ယိုဘီပြည်နယ် ဒက်ပချီမြို့မှ ပြန်ပေးဆွဲခံခဲ့ရပြီး လွတ်မြောက်လာသည့် ကျောင်းသူလေးများကို တွေ့ရစဉ်။

# ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီး လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား မိုင်းဖောက်ခွဲတိုက်ခိုက်ခဲ့သည့် AA အဖွဲ့ဝင်တစ်ဦးကို အသေပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီး လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား မိုင်းဖောက်ခွဲတိုက်ခိုက်ခဲ့သည့် AA အဖွဲ့ဝင်တစ်ဦးကို ယနေ့နံနက်ပိုင်းက ဆိုင်ကယ်တစ်စီး၊ လက်ပစ်ဗုံး တစ်လုံး၊ ဖုန်းနှစ်လုံး၊ မိုင်းထောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

AA အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း အများပြည်သူအသုံးပြုသွားလာလျက်ရှိသည့် လမ်းကြောင်းများပေါ်တွင် မိုင်းထောင်၊ မိုင်းခွဲခြင်းများ ဆက်တိုက်ဆောင်ရွက်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် လမ်းကြောင်းလုံခြုံရေးလုပ်ငန်းများအား နေ့ညမပြတ်ဆောင်ရွက်လျက်ရှိစဉ် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီး လမ်းကြောင်းလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းကို ယနေ့နံနက်ပိုင်းတွင် AA အဖွဲ့က ကျောက်တော်မြို့အဝင် မီတာ ၃၀၀၀ ခန့်အကွာ၌ အဝေးထိန်းမိုင်း နှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်လာခဲ့သဖြင့် အဆိုပါနေရာအနီးတစ်ဝိုက် မိုင်းရှင်းလင်းခြင်းဆောင်ရွက်စဉ် မိုင်းဖောက်ခွဲတိုက်ခိုက်ခဲ့သော AA အဖွဲ့ဝင်တစ်ဦးအား ဆိုင်ကယ် တစ်စီး၊ လက်ပစ်ဗုံး တစ်လုံး၊ ဖုန်းနှစ်လုံး၊ မိုင်းထောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့သည်။

AA အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းများပေါ်တွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ခရီးသွားပြည်သူများ ထိတ်လန့်အန္တရာယ်ဖြစ်စေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အုပ်ချုပ်မှုယာဉ်များနှင့် လှုပ်ရှားမှုများအား မိုင်းခွဲတိုက်ခိုက်ရန် ရည်ရွယ်လျက် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ယနေ့အချိန်ထိ AA အဖွဲ့က မိုင်းထောင်ခဲ့သည့် အကြိမ် ၁၆ ကြိမ်ရှိကာ မိုင်း ၄၆ လုံးအား တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့ကြောင်းနှင့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



## နမ့်ခမ်းမြို့နယ်တွင် ဓာတ်ဆီ၊ ဒီဇယ် သိုလှောင်ဂိုဒေါင် မီးလောင်ကျွမ်းမှု ဖြစ်ပွား

**နမ့်ခမ်း မေ ၁၀**

နမ့်ခမ်းမြို့နယ် အမှတ်(၄)ရပ်ကွက် ဝိန်းဆာရပ်ရှိ ဦးညိုမောင်(ခ)ဦးမောင်ညို၏ ဓာတ်ဆီ၊ ဒီဇယ်သိုလှောင်ဂိုဒေါင်မှ ယနေ့မွန်းတည့် ၁၂ နာရီက မီးလောင်မှု စတင်ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်းတည့် ၁၂ နာရီတွင် ဦးညိုမောင်(ခ)ဦးမောင်ညို၏ ဓာတ်ဆီ၊ ဒီဇယ် သိုလှောင်ဂိုဒေါင်မှ (၁၂)ဘီးယာဉ်ဖြင့် ဓာတ်ဆီများချပြီး ပြန်လည်ထွက်ခွာစဉ် ဦးညိုမောင်(ခ) ဦးမောင်ညိုက ဆီကန်အတွင်းရှိ ဆီပိုက်အား ဖယ်ရှားရာမှာ ဆီပိုက်မှာ ကန်နှုတ်ခမ်းနှင့် ပွတ်တိုက်မိပြီး မီးပွားကျ၍ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ခွေးဘီလူးအဖြူရောင်ကား တစ်စီး၊ ဓာတ်ဆီ၊ ဒီဇယ်ပီပါ အလုံး ၆၀၊ သွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံ နှစ်လုံး ဆုံးရှုံးခဲ့ပြီး ဘေးပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းမှုမရှိကြောင်းနှင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

မီးလောင်ရာသို့ နယ်မြေခံအင်အား ၅၀ ခန့်၊ မြို့မရဲစခန်းမှ ရဲအင်အား ၃၀ ခန့်၊ ကချင်ပြည်နယ် မန်ဝိန်းကြီးကျေးရွာမှ မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်အင်အား ၁၀ ဦးခန့်၊ မူဆယ်မြို့မှ မီးသတ်ယာဉ် နှစ်စီးနှင့် မီးသတ်အင်အား ၁၂ ဦးခန့်၊ နမ့်ခမ်းမြို့ မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းနှင့် ရပ်ကွက်များအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့အင်အား ၃၀၀ ခန့်နှင့် မီးသတ်ယာဉ် ၁၉ စီးနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သား အင်အား ၂၀၀ ခန့် စုစုပေါင်း မီးသတ်ယာဉ် ၂၂ စီးဖြင့် မီးငြိမ်းရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**

## မကွေးမြို့ ကျောက်သားဥယျာဉ်အနီးတွင် ကျည်ဆန် ၇၈၂ တောင့် သိမ်းဆည်းရမိ

**မကွေး မေ ၁၀**

မကွေးမြို့ ဆားစည်ရပ်ကွက် ကမ်းနားလမ်း ကျောက်သားဥယျာဉ်အနီး၌ ပလတ်စတစ်အိတ်ဖြင့် ထုတ်ထားသော ၅ ဒသမ ၅၆ ကျည်ဆန် ၇၈၂ တောင့်အား မေ ၁၀ ရက် နံနက်ပိုင်းက ဆေးသုတ်သမားများက တွေ့ရှိခဲ့ပြီး တာဝန်ရှိသူများက စစ်ဆေးသိမ်းဆည်းခဲ့ကြောင်း သိရသည်။

ကျည်ဆန်အထုပ် နှစ်ထုပ်ကို ရေတွက်သည့်အခါ ပထမအထုပ်တစ်ထုပ်အတွင်းမှ ကျည်ဆန် ၄၃၀ တောင့်၊ ဒုတိယအထုပ်အတွင်းမှ ၃၅၂ တောင့်၊ စုစုပေါင်းကျည်ဆန် ၇၈၂ တောင့် စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ M-16၊ AK-47၊ M-21 နဲ့ M စီးရီးသေနတ်များတွင် ပစ်ခတ်အသုံးပြုရသည့် ကျည်များဖြစ်ကြောင်း မြို့မရဲစခန်းတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ဇေယျတု(မကွေး)**



## မိုးညှင်းမှထွက်ခွာလာသည့် အစုန်ကုန်ရထားတွဲပေါ်မှ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**မိုးညှင်း မေ ၁၀**

မိုးညှင်းမှ ထွက်ခွာလာသည့် မြစ်ကြီးနား-မန္တလေး အစုန်ကုန်ရထားတွဲပေါ်၌ မေ ၉ ရက် နံနက်ပိုင်းက တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မိုးညှင်းမှ မန္တလေးဘက်သို့ ထွက်ခွာလာသည့် မြစ်ကြီးနား-မန္တလေး အမှတ် ၉၃၈ အစုန်ကုန်ရထားပေါ်တွင် တရားမဝင်ကျောက်စိမ်းများ တင်ဆောင်ထားကြောင်း သတင်းအရ မော်ဟန်ရဲကင်းစခန်းမှ ဒုတိယရဲအုပ်ဇော်လင်းနှင့် တာဝန်ရှိသူများက အဆိုပါရထား မော်ဟန်ဘူတာသို့ ဆိုက်ရောက်ချိန်တွင် စစ်ဆေးရှာဖွေရာ ပီနံအိတ်များဖြင့်ထည့်ထားသည့် ကျောက်စိမ်းအရိုင်းတုံး အရွယ်စုံ ၄၀၅ လုံး၊ ကျောက်စိမ်းခွဲခြမ်း ၂၂ ခြမ်း စုစုပေါင်း တရားမဝင်ကျောက်စိမ်း ကီလို ၆၉၀ အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါကျောက်စိမ်းအရိုင်းတုံးများနှင့်ပတ်သက်၍ စက်ခေါင်းမောင်း ဦးသန့်ဇင်အောင်နှင့် ဦးသန်းထွန်းဦး တို့နှစ်ဦးအား မေးမြန်းရာ မိုးညှင်းဘူတာ၌ ရထားရပ်နားစဉ် ဖိုးကော်ဆိုသူက ယင်းအထုပ်များနှင့် နဘားသို့ လိုက်လိုကြောင်း ပြောသဖြင့် တင်ခဲ့ခြင်းဖြစ်ကြောင်း ဖိုးကော်မှာ ကွမ်းယာဝယ်မည်ဟုဆိုကာ ထွက်ခွာသွားပြီး ပြန်ရောက်မလာတော့ကြောင်း စစ်ဆေးသိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်သူ ဖိုးကော်အား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**



## ခရီးသည်တင် YBS (၃၉)ယာဉ်မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၁၀**

ရန်ကုန် အင်းစိန်လမ်း အုတ်ကျင်းမှတ်တိုင်အနီး၌ ယနေ့ နံနက်အစောပိုင်းက ခရီးသည်တင်YBS (၃၉)ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီ ၃၃ မိနစ်က ခရီးသည်တင် YBS (၃၉) ယာဉ်လိုင်းမှ ယာဉ်မောင်း ဦးအောင်မိုး(၃၈)နှစ်မောင်းနှင်လာသော ဟွန်ဒိုင်းအမျိုးအစား(အဖြူအပြာကြားရောင်) ခရီးသည်တင်ယာဉ်မှာ အင်းစိန်မှ လှည်းတန်းသို့ ရန်ကုန်အင်းစိန်လမ်းအတိုင်း မောင်းနှင်လာစဉ် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း-အုတ်ကျင်းမှတ်တိုင်အနီး အရောက် ယာဉ်၏အင်ဂျင်အပူလွန်ကဲရာမှ အင်ဂျင်အနီးရှိ ဝါယာကြိုးအပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ဝါယာကြိုးများ၊ ရေတိုင်ကီပန်ကာ၊ ပန်ကာကြိုးနှင့် အနောက်မီးခွက်များ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ယာဉ်မီးလောင်ရာနေရာသို့ လှိုင်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ ခုနစ်မိနစ်ခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ယာဉ်မောင်း ဦးအောင်မိုးအား လှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း(ပွင့်သစ္စာ)၊**
**ဓာတ်ပုံ-ဝေမင်းထွဋ်**

## အကျဉ်းထောင်အတွင်း တားမြစ်ပစ္စည်းဖြစ်သည့် ဖုန်းသွင်းယူသူများအား အရေးယူ

**ရွှေဘို မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ မေ ၈ ရက် ညနေ ၄ နာရီခွဲက ရွှေဘိုအကျဉ်းထောင်အတွင်း အကျဉ်းသားများ ဆူပူမှုဖြစ်ပွားခဲ့ပုံများနှင့် ပစ်ခတ်မှုကြောင့် အကျဉ်းသား ထိခိုက်သေဆုံးမှုအပေါ် အကျဉ်းသားတစ်ဦးက လူမှုကွန်ရက်ပေါ်တွင် Live လွှင့်တင်ခဲ့မှုနှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာန ရွှေဘိုအကျဉ်းထောင်အိပ်ဆောင်(၃) ကို မေ ၉ ရက်တွင် အကျဉ်းဦးစီးဌာန ဝန်ထမ်းများက အထူးရှာဖွေရေးဆောင်ရွက်ခဲ့ရာ အိပ်ဆောင်(၃)အခန်း(၂) ရှိ အကျဉ်းသား ကောင်းခန့်ကိုကို (ခ) ကြယ်စင်ထွန်း (ခ) ကောင်းခန့်သူထံမှ ဖုန်းဆင်းကတ်နှင့် Vivo အမှတ်တံဆိပ်ပါ ဖုန်းတစ်လုံးကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း အကျဉ်းဦးစီးဌာန ရွှေဘိုအကျဉ်းထောင် တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကျဉ်းသား ကောင်းခန့်ကိုကို (ခ)ကြယ်စင်ထွန်း (ခ) ကောင်းခန့်သူအား စစ်ဆေးရာမှ အကျဉ်းထောင်တပ်သား မိုးကျော်ဇင်အောင်က ပေးသွင်းခဲ့၍ ရရှိခဲ့ခြင်းဖြစ်သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း၊ သို့ဖြစ်၍ အကျဉ်းထောင်အတွင်းသို့ ပေးသွင်းခြင်း မပြုလုပ်ရန် တားမြစ်ပိတ်ပင်ထားသော လက်ကိုင်ဖုန်းအား လက်ဝယ်ပိုင်ဆိုင်ထားရှိခဲ့သူများ ဖြစ်ကြသော အကျဉ်းသား ကောင်းခန့်ကိုကို (ခ) ကြယ်စင်ထွန်း (ခ) ကောင်းခန့်သူ၊ အာကာဦး၊ မိုးနိုင်တို့သုံးဦးနှင့် အကျဉ်းထောင်အတွင်းသို့ လက်ကိုင်ဖုန်းပေးသွင်းသူ အကျဉ်းထောင်တပ်သား မိုးကျော်ဇင်အောင်တို့အား အကျဉ်းထောင်အက်ဥပဒေပုဒ်မ - ၄၂ နှင့်အညီ အရေးယူပေးပါရန် ရွှေဘိုမြို့မရဲစခန်းသို့ အကြောင်းကြားတိုင်ကြားသဖြင့် ရွှေဘိုမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆွေတင့်ထံမှ သိရသည်။

**မိုးသောက်(ရွှေဘို)**

# ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ ချေးငွေလုပ်ငန်းများအား တရားဝင်ခွင့်ပြုချက်မရှိဘဲ ပြည်သူတွေ မယုံကြည်စေလို

## နန္ဒာဝင်း၊ ခတ်ပုံ-တာရာ

ကုမ္ပဏီအချို့သည် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းနှင့် ချေးငွေလုပ်ငန်းများကို တရားမဝင်လုပ်ကိုင်ကာ ပြည်သူများအား ရင်းနှီးမြှုပ်နှံရန်ဆွဲဆောင်ပြီး အတိုးနှုန်း ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိ မက်လုံးပေးကာ အစုရှယ်ယာများကို ဖိတ်ခေါ်ရောင်းချနေကြသည်။

ထိုကဲ့သို့ အတိုးငွေမက်လုံးများကြောင့် မသိနားမလည်သည့် ပြည်သူများသည် အစုရှယ်ယာဝယ်ယူမိသည့်အတွက် ငွေကြေးလိမ်လည်ခံရပြီး နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။ ပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် လိမ်လည်မှုမခံရစေရေးတို့အတွက် အဆိုပါ လိမ်လည်မှုများနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်နေသည့် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်-



ဦးအောင်မျိုး
(ညွှန်ကြားရေးမှူး)



ဦးအောင်မင်းဦး
(ဒုတိယညွှန်ကြားရေးမှူး)



ဦးစိုးမြင့်လေး
(ဒုတိယညွှန်ကြားရေးမှူး)

**ဦးအောင်မျိုး (ညွှန်ကြားရေးမှူး)**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

မေး။ ။အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက တရားမဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေ၊ ငွေကြေးလိမ်လည်မှုတွေကို စစ်ဆေးဆောင်ရွက်နေတာတွေရှိရင် ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ လတ်တလောမှာတော့ ၂၀၁၇ ခုနှစ် အစောပိုင်းမှာ ခွင့်ပြုချက်မရှိဘဲ တရားမဝင်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေကို စစ်ဆေးခဲ့တာရှိပါတယ်။ အဲဒီမှာတော့ SCL Myanmar Co.Ltd က ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်မှာ SCL Myanmar Co.Ltd ဆိုပြီး နိုင်ငံခြားကုမ္ပဏီတစ်ခုက ဒေသခံတွေကို အစုရှယ်ယာတွေရောင်းချပြီး အတိုးနှုန်းမြင့်မားစွာပေးနေ တယ်ဆိုတဲ့အပေါ်မှာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြခဲ့ပါတယ်။ ဒါတွေက လိမ်လည်မှုဖြစ်ပေါ်လာနိုင်တဲ့အတွက် စစ်ဆေးဆောင်ရွက်ဖို့ဆိုပြီး တင်ပြလာတော့ ကျွန်တော်တို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးနဲ့ ဗဟိုဘဏ် ဒုတိယညွှန်ကြားရေးမှူး တစ်ဦးတို့ပါဝင်တဲ့ ပူးပေါင်းအဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့တာ ရှိပါတယ်။ SCL Myanmar Co.Ltd ကတော့ ထိုင်းနိုင်ငံသားတစ်ဦးနဲ့ မြန်မာနိုင်ငံသားတစ်ဦးတို့ စတင်ဆောင်ရွက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံငွေတွေကို လိမ်လည်သွားတဲ့ဖြစ်စဉ် ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဆီက စစ်ဆေးအရေးယူဆောင်ရွက်ခဲ့တာ ရှိပါတယ်။

အလားတူ JJPTR Investment Co.Ltd ဆိုပြီး ၂၀၁၇ ခုနှစ်မှာပဲ စုံစမ်းစစ်ဆေးခဲ့တာရှိပါတယ်။ အဲဒါကတော့ အမှတ် ၆၃၊ ၁၆၄ လမ်း တာမွေမြို့နယ်မှာ ဖွင့်ထားတဲ့ Royal JJ Co.Ltd မန်နေဂျင်းဒါရိုက်တာက နိုင်ငံခြားကုမ္ပဏီနဲ့ချိတ်ဆက်ပြီး ဆောင်ရွက်နေတာကို စစ်ဆေးခဲ့တာတွေရှိပါတယ်။ မလေးရှားနိုင်ငံမှာ ဖွင့်လှစ်ထားတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှာ အွန်လိုင်းကနေ ငွေလက်ခံရယူတယ်၊ ပြီးရင် အတိုးပြန်ထုတ်ပေးတဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ဒီကုမ္ပဏီကလည်း တရားမဝင်ငွေကြေးလုပ်ငန်း ဆောင်ရွက်နေတဲ့အတွက်ကြောင့် ဒါကိုလည်း ကျွန်တော်တို့ စိစစ်ပြီး အရေးယူဆောင်ရွက်ခဲ့တာ ရှိပါတယ်။

မေး။ ။ပြည်သူတွေ ငွေကြေးလိမ်လည်မှု မခံရအောင် အသိပညာပေးစကားလေး ပြောပေးပါဦး။

ဖြေ။ ။ အခုခေတ်ကာလမှာ ပေါ်ပေါက်လာပြီး လုပ်ကိုင်လေ့ရှိကြတဲ့ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ ချေးငွေလုပ်ငန်းတွေက တရားဝင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်နေကြတာတွေကို ပြည်သူတွေအနေနဲ့ မယုံကြည်ကြဖို့ ပြောချင်ပါတယ်။ အတိုးနှုန်းအပေါ်မှာ မက်လုံးပေးပြီး ဆောင်ရွက်နေတာဖြစ်လို့ ဆုံးရှုံးနိုင်ခြေများပါတယ်။ ဒါ့အပြင် တရားမဝင် ဆောင်ရွက်နေတာဖြစ်လို့ သက်ဆိုင်ရာဥပဒေနဲ့ အရေးယူခံရရင် မိမိတို့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ထိခိုက်နိုင်ပါတယ်။ အဲဒီအတွက်ကြောင့် ဒီလိုတရားမဝင်ဆောင်ရွက်မှုတွေကို တွေ့ရင်လည်း သတင်းပေးတိုင်ကြားနိုင်ပါတယ်ဆိုတဲ့အကြောင်း အသိပေးချင်ပါတယ်။

**ဦးအောင်မင်းဦး (ဒုတိယညွှန်ကြားရေးမှူး)**
**မှုခင်းဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

မေး။ ။ မြန်မာနိုင်ငံအတွင်းမှာ တရားမဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်နေတာတွေကို စစ်ဆေးတွေ့ရှိရင် ဘယ်လိုအရေးယူဆောင်ရွက်လို့ရသလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ ကျွန်တော်တို့ဌာနက စစ်ဆေးခဲ့တဲ့ ကုမ္ပဏီနှစ်ခုနဲ့ပတ်သက်ပြီး စစ်ဆေးတွေ့ရှိတာက SCL Myanmar Co.Ltd ကျွန်တော်တို့နိုင်ငံမှာလာပြီး ဆောင်ရွက်သွားတာက ထိုင်းနိုင်ငံသား မစ္စတာချစ်စနူပေါင်ဆူရာမိုင်တစ်နဲ့ မြန်မာနိုင်ငံက နန်းတစ်နွန်း(ခ) ဖန်းဖန်းတို့က ဆောင်ရွက်သွားတာကို တွေ့ရပါတယ်။ သူတို့က SCL Myanmar Co.Ltd ကို ထူထောင်တဲ့အခါ ကျွန်တော်တို့နိုင်ငံသားတွေကို ဒါရိုက်တာအဖွဲ့ဝင်အဖြစ် အမည်ခံစေပြီးတော့ နောက်ကွယ်က ကြိုးကိုင်လှုပ်ရှားသွားတာကို စစ်ဆေးတွေ့ရှိရပါတယ်။

သူတို့က ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေကို တစ်ယူနစ်ကို တစ်ဒေါ်လာ၊ မြန်မာငွေကျပ် ၁၂၅၀ နှုန်းသတ်မှတ်ပြီး ထည့်ဝင်စေပါတယ်။ ထည့်ဝင်သူတွေကို အနည်းဆုံး ယူနစ် ၁၀၀ ထည့်ဝင်စေပြီး အတိုးနှုန်းကတော့ ၃ ဒသမ ၆ ရာခိုင်နှုန်းလောက်ပေးပြီး ဆောင်ရွက်သွားတာကို စစ်ဆေးတွေ့ရှိရပါတယ်။ အတိုး၊ အရင်းပေါင်းကို သူတို့က သုံးလတစ်ကြိမ် ပြန်ထုတ်ပေးပါတယ်။ ဒါ့အပြင် သူတို့ဆီမှာ အစုရှယ်ယာဝင်တွေ များလာစေဖို့အတွက် မက်လုံးပေးတဲ့စနစ်ဖြစ်တဲ့ ခြောက်ဦးအဖွဲ့၊ ၁၂ ဦးအဖွဲ့၊ ဦး ၂၀အဖွဲ့၊ ဦး ၄၀အဖွဲ့၊ အဲဒီလို အဖွဲ့လေးတွေနဲ့ စုဆောင်းခိုင်းပါတယ်။ အဲဒီလို စုဆောင်းပေးနိုင်တဲ့သူတွေကို အထူးဆုကြေးငွေ ဘောနပ်စ်အဖြစ် ခြောက်ဦးအဖွဲ့စုဆောင်းနိုင်သူကို ၁၀ ရာခိုင်နှုန်း၊ ၁၂ ဦး ဖွဲ့စည်းနိုင်မှုကို အထူးဆုကြေး ၁၁ ရာခိုင်နှုန်း၊ ဦး ၂၀ စုပေးနိုင်မှုကို အထူးဆုကြေး ၁၂ ရာခိုင်နှုန်း၊ ဦး ၆၀ စုပေးနိုင်မှုကို အထူးဆုကြေး ၁၃ ရာခိုင်နှုန်း၊ ဦး ၂၀၀ စုပေးနိုင်မှုကို အထူးဆုကြေး ၁၅ ရာခိုင်နှုန်း ပေးတဲ့စနစ်ကို မက်လုံးပေးပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ယူနစ်ထည့်ဝင်ငွေပမာဏ သတ်မှတ်ပေးပြီး များများထည့်ဝင်နိုင်သူကို များများအတိုးရစေတဲ့စနစ်ကို ကျင့်သုံးခဲ့ကြတယ်။

အတိုးငွေပေးတဲ့အပေါ် ယုံကြည်လာပြီး စုဆောင်းထည့်ဝင်သူတွေ များလာပါတယ်။ စုဆောင်းသူဦးရေ လေးသောင်းကျော်၊ ထည့်ဝင်ငွေကျပ်သိန်းပေါင်း သုံးသောင်းကျော်လောက်ရှိလာတဲ့အခါ ထုတ်ယူပြီး ထွက်ပြေးတိမ်းရှောင်သွားတာကို စစ်ဆေးတွေ့ရှိရပါတယ်။ အဲဒါကြောင့် SCL Myanmar Co.Ltd က ထိုင်းနိုင်ငံသား မစ္စတာချစ်စနူပေါင်ဆူရာမိုင်တစ်နဲ့ နန်းတစ်နွန်း(ခ) ဖန်းဖန်းတို့ကို ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၇၁ / ၁၇၄ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂နဲ့ ဗဟန်းတရားရုံးကို တရားစွဲတင်ပို့ခဲ့ပါတယ်။ ရာဇဝတ်အထွေထွေမှု အမှတ် (၁၀၂ / ၂၀၁၇)နဲ့ ကြားနာစစ်ဆေးခဲ့ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အရ တရားခံပြေးအဖြစ် ကြေညာပြီး ဖမ်းဆီးအရေးယူနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

JJPTR Investment Co.Ltd ရုံးက မလေးရှားနိုင်ငံမှာရှိပါတယ်။ သူကတော့ မြန်မာနိုင်ငံအပါအဝင် ၁၀ နိုင်ငံလောက်မှာ စုဆောင်းငွေတွေလက်ခံပြီး အတိုးထုတ်ပေးတဲ့စနစ်ကို ကျင့်သုံးနေပါတယ်။ JJPTR ကုမ္ပဏီအတွက် ကျွန်တော်တို့နိုင်ငံမှာ တာဝန်ယူဆောင်ရွက်ပေးတာကတော့ ဒေါ်တွမ်ပီကြိုင် ဆိုသူဖြစ်ပါတယ်။ သူက Royal JJ Co.Ltd ဆိုပြီး တာဝန်ခံဆောင်ရွက်ပေးတာဖြစ်ပါတယ်။ Royal JJ Co.Ltd ကျွန်တော်တို့ နိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားပေမယ့် မလေးရှားနိုင်ငံက JJPTR ကုမ္ပဏီက ကျွန်တော်တို့နိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားခြင်း မရှိပါဘူး။ အဲဒီတော့ သူတို့ရဲ့လုပ်ငန်းဆောင်ရွက်မှုကို စုံစမ်းထောက်လှမ်းတဲ့အခါ စုဆောင်းငွေထည့်ဝင်သူက အနည်းဆုံး ၂၅ ဒေါ်လာ၊ အများဆုံး ဒေါ်လာ ၁၀၀၀ အထိ ထည့်ဝင်နိုင်တယ်။ ဒီထက်ပိုပြီး ထည့်ဝင်ချင်တယ်ဆိုလည်း လက်ခံပေးတယ်။ အတိုးနှုန်းကို တစ်လပြည့်တိုင်း ၂၀ ရာခိုင်နှုန်းထုတ်ပေးတဲ့စနစ်ကို ကျင့်သုံးတယ်။ သူတို့ဆီမှာ ထည့်ဝင်ချင်တဲ့သူက ပထမဦးဆုံး ဘဏ်အကောင့်ဖွင့်ရတယ်။ ပြီးရင် အွန်လိုင်းက www. JJPTR .com မှာထည့်ဝင်တဲ့ အချက်အလက်တွေနဲ့ Registration အမည်စာရင်းတင်သွင်းရတယ်။

အဲဒီလိုလုပ်ပြီးတဲ့အခါ ထည့်ဝင်ချင်တဲ့ငွေကို ဒေါ်တွမ်ပီကြိုင်ကို ငွေလွှဲပေးရတယ်။ ဒေါ်တွမ်ပီကြိုင်က တစ်ဆင့် JJPTR ကိုဆက်သွယ်ပေးတယ်။ JJPTR က ထည့်ဝင်သူတွေထံ အကောင့်ကို လျှို့ဝှက် ID ပြန်ပို့ပေးတယ်။ ထည့်ဝင်တဲ့သူက အဲဒီလျှို့ဝှက် ID နဲ့ အွန်လိုင်းမှာ သူနေ့စဉ်ရနေတဲ့ အတိုး၊ အမြတ်ကို ဝင်ကြည့်လို့ရတယ်။ အဲဒီလိုနဲ့ ထပ်ပြီးထည့်ကြတယ်။ ကျွန်တော်တို့ ဝင်ရောက်စစ်ဆေးတဲ့အခါ လူ ၅၀၀၀ ခန့် ထည့်ဝင်ထားကြတာကို တွေ့ရတယ်။

ဒီလုပ်ငန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်မရှိဘဲ တရားမဝင်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းနဲ့ ခွင့်ပြုမိန့်မရှိဘဲ နိုင်ငံခြားသုံးငွေ လုပ်ကိုင်ခြင်းတွေကြောင့် ဒေါ်တွမ်ပီကြိုင်ကို ၂၀၁၆ ခုနှစ် ငွေရေး၊ ကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၇၁နဲ့ ၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၄၂ တို့အရ တရားစွဲဆိုခဲ့ပြီး ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၇၁ အရ ထောင်ဒဏ် နှစ်နှစ်နဲ့ ငွေဒဏ်ကျပ် ၁၀ သိန်း၊ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ် တစ်နှစ် ထပ်မံကျခံစေရန်၊ အမှုနဲ့ပတ်သက်ပြီး သိမ်းဆည်းထားတဲ့ ငွေကျပ်သိန်းပေါင်း ၇၉၀၀ ကျော်နဲ့ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့သလို ၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၄၂ အရ ငွေဒဏ် သိန်း ၃၀ ပေးဆောင်ရန်၊ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ် ခြောက်လ ထပ်မံကျခံစေရန် အမိန့်ချမှတ် အရေးယူနိုင်ခဲ့ပါတယ်။

မေး။ ။ငွေကြေးလိမ်လည်ခံရတဲ့ နစ်နာသူ၊ ပြည်သူတွေက တိုင်ကြားချင်တယ်ဆိုရင် ဘယ်လိုဆက်သွယ်ဆောင်ရွက်ရမလဲဆိုတာပြောပြပေးပါဦး။

ဖြေ။ ။ပြည်သူတွေက ငွေကြေးတွေ ဆုံးရှုံးလို့ တိုင်ကြားချင်တယ်ဆိုရင် ကျွန်တော်တို့ဌာနကို လိပ်မူပြီး တိုင်စာပေးပို့လို့ရပါတယ်။ အွန်လိုင်းကလည်း သတင်းပေး တိုင်ကြားလို့ ရပါတယ်။ ငွေကြေးလိမ်လည်မှုတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဌာနကို မကြာခဏ တိုင်ကြား လာတာတွေလည်း ရှိပါတယ်။ အဲဒီလိုတိုင်ကြားမှုတွေကို လမ်းညွှန်ချက်နဲ့အညီ စုံစမ်းအရေးယူဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။

**ဦးစိုးမြင့်လေး (ဒုတိယညွှန်ကြားရေးမှူး)**
**ဥပဒေနှင့်အကျိုးဆောင်ဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

မေး။ ။တရားမဝင်ငွေရေးကြေးရေးဝန်ဆောင်မှုတွေနဲ့ပတ်သက်ပြီး ဘယ်လိုအရေးယူဆောင်ရွက်လို့ ရပါသလဲ။

ဖြေ။ ။တရားမဝင်ငွေရေးကြေးရေးဝန်ဆောင်မှု တွေဆောင်ရွက်မယ်ဆိုရင် ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ အရေးယူဆောင်ရွက်နိုင်ပါတယ်။ အဲဒီဥပဒေပုဒ်မ ၁၅၉ မှာ မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးတဲ့ မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းမလုပ်ရလို့ ကန့်သတ်ထားပါတယ်။ အဲဒီကန့်သတ်ချက်ကို ဖောက်ဖျက်ရင် ပုဒ်မ ၁၇၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရမှာဖြစ်ပြီး အနည်းဆုံးထောင်ဒဏ် နှစ်နှစ်မှ အများဆုံး ငါးနှစ်ထက်မပိုတဲ့ ထောင်ဒဏ်ချမှတ်ခံရမယ့်အပြင် ကျပ်သန်း၅၀၀ ထက်မပိုတဲ့ ငွေဒဏ်လည်းချမှတ်ခံရမှာဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နဲ့ ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ (ဂ) အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုခုအား ဝန်ဆောင်မှုတစ်မျိုးမျိုးကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး အဲဒီဝန်ဆောင်မှုနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေကို တားမြစ်မိန့်၊ စည်းကမ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နဲ့ လိုအပ်သလို ဆောင်ရွက်စေလိုတဲ့ အမိန့်တွေ ထုတ်ပြန်နိုင်ခွင့်အာဏာအပ်နှင်းနိုင်ပြီး အဲဒီသက်ဆိုင်ရာဝန်ကြီးဌာနတွေက အများပြည်သူထိခိုက်နစ်နာစေတဲ့ ဝန်ဆောင်မှုတွေနဲ့ပတ်သက်ပြီး အမိန့်ထုတ်ပြန် ထိန်းချုပ်ကန့်သတ် ကြီးကြပ်ဆောင်ရွက်နိုင်တာတွေ့ရပါတယ်။ အမိန့်မလိုက်နာသူ မည်သူ့ကိုမဆို ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နဲ့ ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမယ့်အပြင် ကျပ်ငါးသိန်းထက်မပိုတဲ့ ငွေဒဏ်လည်း ချမှတ်နိုင်ပါတယ်။ ဒါ့ကြောင့် အများပြည်သူ ထိခိုက်နစ်နာစေမယ့် ဝန်ဆောင်မှုတွေကို တရားမဝင် လုပ်ကိုင်မယ်ဆိုရင် ၂၀၁၂ အရေးကြီးကုန်စည်နဲ့ ဝန်ဆောင်မှုဥပဒေအရလည်း အရေးယူနိုင်မှာဖြစ်ပါတယ်။

မေး။ ။ ဆုံးရှုံးနစ်နာသွားတဲ့ ပြည်သူတွေက ငွေကြေးတွေ ပြန်လည်ရရှိအောင် ဘယ်လိုဆောင်ရွက်လို့ရပါသလဲ။

ဖြေ။ ။ ငွေကြေးတွေ ဆုံးရှုံးသွားတဲ့ ပြည်သူတွေက ငွေကြေးပြန်လည်ရဖို့ဆိုရင် ကျွန်တော်တို့ အရေးယူ ဆောင်ရွက်ရတဲ့ တရားစွဲအဖွဲ့အစည်းတွေအနေနဲ့ မှုခင်းတွေ စုံစမ်းစစ်ဆေးချိန်၊ ပြစ်မှုကျူးလွန်မှုနဲ့ သက်ဆိုင်တဲ့ ငွေကြေးနှင့်ပစ္စည်းတွေကို သိမ်းဆည်းပြီး သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိတဲ့ တရားရုံးတွေကို သက်သေခံပစ္စည်းအဖြစ် တင်ပြဆောင်ရွက်နေတဲ့အချိန်မှာ ဆုံးရှုံးနစ်နာသွားသူတွေအနေနဲ့ မိမိတို့နစ်နာဆုံးရှုံးသွားတဲ့ ငွေကြေးနဲ့ ပစ္စည်းတွေ ပြန်လည်ရရှိဖို့အတွက် သက်ဆိုင်ရာ တရားရုံးတွေမှာ တတိယပုဂ္ဂိုလ်(Third Party)အနေနဲ့ ဥပဒေနဲ့အညီ တင်ပြတောင်းခံနိုင်ပါတယ်။ ဒါ့အပြင် ပြစ်မှုကျူးလွန်သွားသူတွေထံကလည်း တရားမကြောင်းအရ မိမိဆုံးရှုံးနစ်နာမှုတွေကို တရားစွဲဆိုတောင်းခံနိုင်ပါတယ်။ ။

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် နေရပ်စွန့်ခွာသူများအား ထောက်ပံ့



**စစ်တွေ မေ ၁၀**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ လမ်းမတော်တောင်ရပ်ကွက်ရှိ အမျိုးသားဘုန်းတော်ကြီးကျောင်းတိုက်နှင့် ကယုချောင်းဘုန်းတော်ကြီးကျောင်းတိုက်တို့၌ ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာသူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားကျောင်းတိုက်နှင့် ကယုချောင်းကျောင်းတိုက်တို့သို့ သွားရောက်ပြီးကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကာ အလှူငွေများဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း နေရပ်စွန့်ခွာသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အမျိုးသားကျောင်းတိုက်တွင် အိမ်ထောင်စု ၂၁ စု၊ ကျား ၃၂ ဦး၊ မ ၃၇ ဦးဖြစ်ပြီး ကယုချောင်းကျောင်းတိုက်တွင် အိမ်ထောင်စုခြောက်စု၊ ကျား ၁၇ ဦးနှင့် မ ၁၄ ဦးတို့ဖြစ်ကြသည်။ ၎င်းမိသားစုဝင်များအား ပြည်နယ်ဝန်ကြီးချုပ်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတစ်လစာအတွက် တစ်ဦးလျှင်ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကိုးသိန်းနှင့် ကျားလုံချည်၊ မလုံချည်၊ တဘက်နှင့် တီရှပ်တို့ကို ထောက်ပံ့ပေးအပ်ပြီး ပစ္စည်းရှစ်မျိုးပါ ASEAN FAIMILY KIT များကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ နေရပ်စွန့်ခွာသူများမှာ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် စစ်တွေမြို့သို့ ခေတ္တခိုလှုံရန် ရောက်ရှိလာကြသူများဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အကြိမ် (၇၀)မြောက် စာအောင်ဆုချီးမြှင့်ပွဲနှင့် မင်္ဂလာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ရန်ကုန် မေ ၁၀**
မင်္ဂလာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းနှင့် အကြိမ်(၇၀)မြောက် ၃၈ ဖြာမင်္ဂလာတရားတော် ဗုဒ္ဓဝင်စာမေးပွဲ ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းချုပ် (YMBA)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မင်္ဂလာအောင်မောင်း သုံးချက်တီး၍ ဆရာတော်များနှင့် သီလရှင်၊ ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဖွင့်လှစ်ပြီး မင်္ဂလသုတ် ပရိတ်တော်များကို ဆရာတော်များနှင့် သီလရှင်၊ ပရိသတ်များက တစ်ပြိုင်တည်းရွတ်ဆို၍ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းချုပ် ဥက္ကဋ္ဌ မဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဦးစိန်သန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် (YMBA) အသင်းချုပ်ဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များက မင်္ဂလာဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား မင်္ဂလာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ အလှူရှင်များက အလှူငွေများအား ပေးအပ်လှူဒါန်းကြခြင်းနှင့် ဆရာတော်၊ သံဃာတော်နှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## ချင်းပြည်နယ်ဝန်ကြီး တီးတိန်မြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**တီးတိန် မေ ၁၀**
ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်နှင့် တာဝန်ရှိသူများသည် တီးတိန်မြို့ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန စာသင်ဆောင် RC နှစ်ထပ်စံကိုက် ကျောင်းဆောင်တည်ဆောက်ရေး ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို မေ ၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင် (၁၆၀×၁၈၄) ပေ RC နှစ်ထပ်စံကိုက်ကျောင်းဆောင် တည်ဆောက်ရေး ပန္နက်တော်တင်ပေးကာ ရွှေရည် ငွေရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၏ ပိုးစာပင်စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့်ပွဲကို တီးတိန်မြို့ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ၌ပြုလုပ်ရာ လူမှုရေးဝန်ကြီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုဆွင်းခိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီလှိုင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အသက်နှစ်နှစ်အောက် ကလေးများ ထောက်ပံ့ကြေးပေးအပ်ပွဲကို တီးတိန်မြို့ ခွာဒိုခန်းမ၌ ပြုလုပ်ရာ ချင်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးအေးမင်းညွန့်က ထောက်ပံ့ကြေးပေးရခြင်း ရည်ရွယ်ချက်များတင်ပြပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က တီးတိန်မြို့နယ်ရှိ မိဘမဲ့ဂေဟာတစ်ခုအတွက် ငွေကျပ် ၇၃၅၀၀၀၀၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေး ၅၂၅၉ ဦးအတွက် ငွေကျပ် ၇၀၀၀၀၀၀၊ လူငယ်ရိပ်သာလေးခုအတွက် ငွေကျပ် ၄၀၀၀၀၀ နှင့် မသန်စွမ်းသူ ၉၃၆ ဦးအတွက် ငွေကျပ် ၂၈၀၈၀၀၀၀ တို့အား တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

**ဇိုဟေဆာ**





## ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကျေးရွာလူထုများနှင့် တွေ့ဆုံ

**ဒီမော့ဆို မေ ၁၀**
ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်၊ ဌာနဆိုင်ရာနှင့် ပြည်သူလူထုများနှင့်တွေ့ဆုံပွဲကို မေ ၁၀ ရက် နံနက် ၁၀ နာရီက ဒီမော့ဆိုမြို့နယ် နောင်ပုလဲကျေးရွာအုပ်စု ဆိုဘောသဲကျေးရွာ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အစိုးရအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများ တင်ပြဆောင်ရွက်နိုင်ရန်အတွက် တွေ့ဆုံပွဲများကို မကြာခဏပြုလုပ်ပေးပြီး အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်နှိုင်းယှဉ်ပါက လုပ်ဆောင်မှုမနည်းပါကြောင်း၊ တွေ့ဆုံပွဲမှ ပြည်သူများ၏တင်ပြချက်ကို အဓိကနားထောင်လိုပြီး စွမ်းဆောင်ပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လေးမိုင်မြေနီကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် လျှပ်စစ်မီတာနှင့် လိုအပ်သည်များဆောင်ရွက်နိုင်ရန် ငွေကျပ် ၁၅၀၀၀၀ နှင့် ဆိုဘောသဲ နှစ်ခြင်းခရစ်ယာန်ဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေကျပ် ၅၀၀၀၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသခံပြည်သူများတင်ပြသော ဆိုဘောသဲကျေးရွာ ပညာရေးရိပ်သာဆောင်ရွက်မည့်နေရာနှင့် လေးမိုင်ယပ်ခူကျေးရွာမှ ကွင်းအမှတ် (၂၇)၊ (၂၈) သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် လယ်ယာကုန်ထုတ်လမ်းပေါ်ရှိ တံတားပျက်စီးနေမှုတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီမော့ဆို)**

## ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**တောင်ကြီး မေ ၁၀**
ရှမ်းပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ပထမအကြိမ် (၁/၂၀၁၉) အစည်းအဝေးကို မေ ၁၀ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် စနစ်တကျဆောင်ရွက်ရန် လိုအပ်မည်ဖြစ်၍ ကော်မတီသည် ခရီးသွားဆိုင်ရာကိစ္စရပ်များ၏ အားသာချက်များကို ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြိုးပမ်း ထိန်းသိမ်းရန်လိုအပ်သလို အားနည်းချက်များကိုလည်း လျော့နည်းပပျောက်စေရန် ဝိုင်းဝန်းလုပ်ဆောင်ဖြစ်ပြီး ရှမ်းပြည်နယ်၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ရှမ်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိမှုလုပ်ငန်းတာဝန်များနှင့် လိုင်စင်ဆိုင်ရာတင်ပြချက်များ ရှင်းလင်းတင်ပြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဥရောပပြိုင်ပွဲနှစ်ရပ်လုံးတွင် အင်္ဂလန်လေးသင်း ဗိုလ်လုပွဲတက်ပြီး အင်္ဂလန်ကလပ်အသင်းတွေ သမိုင်းသစ်ရေးထိုး

ယူရိုပါလိဂ်ဖလားနောက်ဆုံးဗိုလ်လုပွဲမှာ အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပါတယ်။ အာဆင်နယ်အသင်းဟာ ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့်မှာ ဗလင်စီယာအသင်းကို နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းကတော့ ဖရန့်ဖက်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-ငါးဂိုးနဲ့ အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့တာလည်းဖြစ်ပါတယ်။


မိုဟာမက်ဆာလာ


လူးကတ်မိုရာ


အူဘာမေယန်


အေဒင်ဟာဇက်

အာဆင်နယ်အသင်းဟာ ပထမအကျော့မှာ ဗလင်စီယာကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပြီး ဒုတိယအကျော့မှာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဒုတိယအကျော့မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို အူဘာမေယန်က ၁၇ မိနစ်၊ ၆၉ မိနစ်နဲ့ ၈၈ မိနစ်တို့မှာ ဟက်ထရစ်ဂိုးနဲ့ ပွဲကစားချိန် မိနစ် ၅၀ မှာ လာကာဇက်တီက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ပြီး ဗလင်စီယာအသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၁၁ မိနစ်နဲ့ ၅၈ မိနစ်တို့မှာ ဂါမီယိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဖရန့်ဖက်အသင်းနဲ့ ပထမအကျော့မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယအကျော့မှာလည်း သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာမှာ လေးဂိုး-သုံးဂိုးနဲ့ ချယ်လ်ဆီးအသင်းက အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းခြောက်ဂိုး-ငါးဂိုးနဲ့ နောက်ဆုံးဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

အခုလို ယူရိုပါလိဂ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲမှာ အင်္ဂလန်နှစ်သင်း ထိပ်တိုက်တွေ့နေသလို ချန်ပီယံလိဂ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲမှာလည်း လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ ထိပ်တိုက်တွေ့နေတာကြောင့် ဥရောပထိပ်တန်းပြိုင်ပွဲနှစ်ရပ်မှာ အင်္ဂလန်အသင်းလေးသင်းအထိ ဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့ခြင်းဟာ သမိုင်းမှာ ပထမဆုံးအကြိမ်လည်း ဖြစ်လာခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ဘောလုံးရာသီကတော့ တစ်နိုင်ငံတည်းကနေ ဥရောပပြိုင်ပွဲနှစ်ရပ်မှာ အသင်းသုံးသင်းအထိ တက်လှမ်းနိုင်ခဲ့တာ စပိန်အသင်းတွေဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းက ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ခဲ့ပြီး ဆီဗီလာအသင်းကတော့ ယူရိုပါလိဂ်ဗိုလ်လုပွဲကိုတက်ခဲ့တာဖြစ်ပါတယ်။ အဲဒီနှစ်က ရီးယဲလ်မက်ဒရစ်က ချန်ပီယံလိဂ်ဖလားရပြီး ဆီဗီလာက ယူရိုပါလိဂ်ဖလားရရှိခဲ့တာဖြစ်ပါတယ်။

အခုလို အင်္ဂလန်အသင်းလေးသင်းအထိ ဥရောပပြိုင်ပွဲနှစ်ရပ်မှာ ဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့တာဟာ ဥရောပမှာ အင်္ဂလန်ပရီမီယာလိဂ်က အကောင်းဆုံးဆိုတာကို သက်သေပြခဲ့တာပါလို့လည်း ချယ်လ်ဆီး အသင်းနည်းပြဆာရီက ပြောခဲ့ပါတယ်။

အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့နေတဲ့ ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲကို မေ ၂၉ ရက်မှာ အင်္ဂလန်နဲ့ ၂၄၆၈ မိုင်ကွာဝေးတဲ့ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့မှာ ကျင်းပမှာဖြစ် ပြီး လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို ဇွန် ၁ ရက်မှာ စပိန်နိုင်ငံ မက်ဒရစ်မြို့မှာ ကျင်းပသွားမှာလည်းဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## တိုက်စစ်မှူးဆွာရက်ဇ် ဒူးဒဏ်ရာကြောင့် ခြောက်ပတ်ကြာနားရမည်

တိုက်စစ်မှူးဆွာရက်ဇ်ဟာ ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူရမှာဖြစ်လို့ သီတင်းပတ်ခြောက်ပတ်ကြာအထိအနားယူရမှာ ဖြစ်တယ်လို့ ဘာစီလိုနာအသင်းက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဆွာရက်ဇ်ဟာ ဒူးဒဏ်ရာကြောင့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီရဲ့စပိန်လာလီဂါပွဲစဉ်တွေကို လွဲချော်မှာဖြစ်တဲ့အပြင် မေ ၂၅ ရက်မှာ ကစားမယ့် စပိန်ကိုဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲမှာလည်း လွဲချော်မှာဖြစ်ပါတယ်။

ဥရုဂွေးအသင်းအနေနဲ့ အခုနွေရာသီကာလအတွင်းမှာ ကိုပါအမေရိကဖလားယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်တွေမှာလည်း တိုက်စစ်မှူး ဆွာရက်ဇ်ပါဝင်လာဖို့ မသေချာသေးဘူးလို့ ဆိုပါတယ်။ ဥရုဂွေးအသင်းဟာ ဇွန် ၁၆ ရက်မှာ ကိုပါအမေရိကဖလားအဖွင့်ပွဲစဉ်အဖြစ် အီကွေဒေါ်အသင်းနဲ့ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ဆွာရက်ဇ်ဟာ အခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၂၅ ဂိုးအထိသွင်းယူထားတာဖြစ်ပါတယ်။


ဆွာရက်ဇ်

## အနုပညာ

# တေလာဆွစ်၏ တေးအယ်လ်ဘမ်သစ်တွင် ဝမ်းနည်းစရာတေးသီချင်းများပါဝင်မည်

အများက စောင့်မျှော်နေခဲ့တဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ ယခင်ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေးအယ်လ်ဘမ်တွေနဲ့ ကွဲပြားနေမှာ ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်းအများစုဟာ အဆွေးတေးသီချင်းတွေဖြစ်ပြီး ဝမ်းနည်းစရာခံစားမှုတွေ ပေးစွမ်းသွားမှာဖြစ်ကြောင်း လတ်တလောမှာ ပေ့ါပ်ကြယ်ပွင့်က ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



တေလာဆွစ်ရဲ့ ခုနစ်ခုမြောက် စတူဒီယိုတေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်အချိန်ကိုတော့ လက်ရှိအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပါဘူး။ ဒါပေမယ့် တေလာဆွစ်က တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေကို လတ်တလောပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ထည့်သွင်းပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ကြာသပတေးနေ့က အန်တာတိန်းမန့်ဝိခ်ကလီးရဲ့ မျက်နှာဖုံးမှာ တေလာဆွစ်ဟာ မျက်နှာဖုံးရှင်အဖြစ် ပါဝင်ခဲ့ပါတယ်။ ဒ့ါအပြင် သူ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်တဲ့ အင်တာဗျူးတစ်ခုလည်း ပါဝင်နေတာတွေ့ရပါတယ်။ အဆိုပါ အင်တာဗျူးမှာ တေလာဆွစ်က တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး ပြောကြားခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ပြောကြားချက်အရ တေးအယ်လ်ဘမ်သစ်မှာတော့ လေးနက်တဲ့ ခံစားမှုကို ဖော်ကျူးထားတဲ့ တေးသီချင်းတွေ ပါဝင်နေကြောင်း၊ ပျော်ရွှင်ဖွယ် တေးသီချင်းတွေလည်း ပါဝင်ကြောင်း၊ ဝမ်းနည်းဖွယ်တေးသီချင်းတွေလည်း များစွာပါဝင်ကြောင်း ဖွင့်ဟခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် တေးအယ်လ်ဘမ်သစ်ဟာ ထွက်ရှိသမျှ တေးအယ်လ်ဘမ်တွေထဲမှာ အရှည်ဆုံးသော တေးအယ်လ်ဘမ်လည်း ဖြစ်လာမှာဖြစ်တယ်လို့ သိရပါတယ်။



# ဒေးဂူနိုင်ငံတကာ တေးဂီတပွဲတော်ရဲ့ သံတမန်အဖြစ် ခန့်အပ်ခြင်းခံရတဲ့ ဆူဟို

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “EXO” ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆူဟိုဟာ မကြာမီ ကျင်းပသွားမယ့် “ Daegu International Musical Festival” ရဲ့ သံတမန်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆူဟိုအနေနဲ့ ဒေးဂူနိုင်ငံတကာတေးဂီတပွဲတော်ရဲ့သံတမန်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်းကိုတော့ မေ ၉ ရက်မှာ တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ OSEN က ဦးစွာရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါတေးဂီတပွဲတော်ဟာ (၁၃) ကြိမ်မြောက် ပြုလုပ်သွားမယ့် တေးဂီတပွဲတော်လည်း ဖြစ်ပါတယ်။ ဒီပွဲတော်ကိုတော့ လာမယ့် ဇွန် ၂၁ ရက်မှ ဇူလိုင် ၈ ရက်အထိ ကျင်းပသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီပွဲတော်မှာတော့ ကိုရီးယား၊ ရုရှား၊ ပြင်သစ်၊ စပိန်၊ တရုတ်နဲ့ ထိုင်ဝမ်တို့မှ တေးသံရှင်တွေ လာရောက်ဖျော်ဖြေကြမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

## ခါလစ်နဲ့ တေးသီချင်းသစ် ပူးပေါင်းဖန်တီးနေတဲ့ BTS

တောင်ကိုရီးယားရဲ့ကမ္ဘာကျော် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS” ဟာ အမေရိကန် တေးရေး၊ တေးဆို ခါလစ်နဲ့ ပူးပေါင်းကာ တေးသီချင်းသစ် ဖန်တီးနေတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၉ ရက်မှာ ပြုလုပ်ခဲ့တဲ့ ရေဒီယို အင်တာဗျူးမှာ တေးသီချင်းသစ်တွေကို ပူးပေါင်းဖန်တီးသွားမယ့် တေးသံရှင်တွေအကြောင်းနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ RM က ခါလစ်နဲ့ တေးသီချင်းဖန်တီးနေကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့်- စုစည်းသည်

# အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်အဖွဲ့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုအခြေအနေ ကြည့်ရှုစစ်ဆေး



**ရိခေါဒါရ် မေ ၁၀**
ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Saurabh Kumar နှင့်အဖွဲ့သည် မေ ၈ ရက်က ချင်းပြည်နယ် ရိခေါဒါရ်မြို့ အမှတ်(၂) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံ ဇိုခေါထာရ်ကျေးရွာ ဇိုခေါထာရ်နယ်စပ်ကုန်သွယ်ရေးရုံးအစည်းအဝေးခန်းမ၌ပြုလုပ်သည့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်လူဝင်ထွက်မှုနှင့် ကုန်သွယ်မှုအခြေအနေတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ထို့နောက် အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်အဖွဲ့သည် ဇိုခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်းအတွင်းရှိ ကုန်သိုလှောင်ရုံ၊ ပိုးမွှားဓာတ်ခွဲခန်းနှင့် နယ်စပ်ကျောက်တိုင်အမှတ် BP 27/2 တို့ကို ကြည့်ရှုစစ်ဆေးပြီး ဖလမ်းမြို့နယ် လေးလက်ကျေးရွာရှိ နယ်စပ်ဈေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေး တံတားတည်ဆောက်မည့် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရိခေါဒါရ် (ပြန်/ဆက်)**

## ညောင်ဦး၌ နွေရာသီ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မေ ၁၀**
ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနက မေ ၈ ရက် နံနက် ၉ နာရီတွင် ညောင်ဦးမြို့ အမှတ်(၃)ရပ်ကွက်ရှိ Plan Myanmar ရုံးသို့ သွားရောက်ပြီး မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးသည်။

ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းမင်းဌေးနှင့် တပ်ဖွဲ့ဝင်များက ရာသီဥတု အပူချိန်မြင့်တက်နေမှုကြောင့် မီးဘေးအန္တရာယ်မဖြစ်အောင် လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များနှင့် မီးဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရမည့် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ပညာပေးရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် Plan Myanmar ရုံး၌ လျှပ်စစ်မိန်းခုံများနှင့် လျှပ်စစ်ဝါယာကြိုးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ၊ မီးဘေးအန္တရာယ်အတွက် ရေလှောင်ကန်များတွင် ရေအပြည့်ဖြည့်းတင်းဆောင်ရွက်ထားမှု ရှိ၊ မရှိ၊ မီးငြိမ်းသတ်ပစ္စည်းများဖြစ်သည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံး အစရှိသည့် မီးငြိမ်းသတ်ပစ္စည်းများ စီစဉ်ဆောင်ရွက်ထားမှု ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား နွေရာသီ မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ပစ္စည်းများအသုံးပြု၍ စနစ်တကျ မီးငြိမ်းသတ်နည်းအား လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မှုခင်းမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲကို မေ ၁၀ ရက် နံနက် ၁၀ နာရီခွဲက အောင်သီရိကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်ရာ ထုံးဖိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်အောင်က အသိပညာပေး ဟောပြောစဉ်။**
မင်းမင်းလတ်



## ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များနှင့် ဆီသယ်ယာဉ်များအားစစ်ဆေး



**စလင်း မေ ၁၀**
ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များနှင့် လောင်စာဆီသယ်ယူသည့် ယာဉ်များအား မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် စစ်ဆေးခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မေ ၈ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

စလင်းမြို့နယ် တမောင်ချောင်ကျေးရွာရှိ ပစ်တိုင်းထောင် စက်သုံးဆီအရောင်းဆိုင်နှင့် သရက်ချဉ်ကျေးရွာရှိ ဒိုင်းမွန်းစက်သုံးဆီအရောင်းဆိုင်များ၌ အရေးပေါ် မီးငြိမ်းသတ်ဆေးရည်ဘူးများရှိ-မရှိ၊ ဆီသိုလှောင်ကန်များ စနစ်တကျထားရှိမှု ရှိ၊ မရှိစစ်ဆေးခြင်းနှင့် ဆီဆိုင်များအတွက် လောင်စာဆီသယ်ယူသည့် ယာဉ်များအား ယာဉ်မတော်တဆမှုကြောင့် မီးလောင်မှု ကြိုတင်ကာယွယ်တားဆီးနိုင်ရေး၊ ဖြစ်ပွားနိုင်မှု အခြေအနေများကို လက်တွေ့ရှင်းလင်းချပြခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ဆေးရည်ဘူးများ အသင့်ထားရှိမှုများကို ကြပ်မတ်စစ်ဆေး ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် စက်သုံးဆီဆိုင်များတွင် မီးလောင်မှုဖြစ်ပွားခြင်းနှင့် ဆီသယ်ယာဉ်များ မတော်တဆမီးလောင်မှုဖြစ်ပွားခြင်းများ ပိုမိုများပြားလာပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဖြစ်စဉ် ၅၀ ကျော်ရှိကာ မိမိတို့ဒေသတွင်း စက်သုံးဆီဆိုင်များနှင့် လောင်စာဆီသယ်ယာဉ်များ မီးလောင်မှုမဖြစ်ပွားစေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဝင်းဗိုလ်က ပြောသည်။

**စိုးမိုးသူ (စလင်း)**




## Stellar Seven Entertainment မှ ရန်ပုံငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**ရန်ကုန် မေ ၁၀**
Stellar Seven Entertainment မှ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) သို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဓမ္မစေတီလမ်းရှိ Stellar Seven Entertainment ရုံးခန်းမ၌ ကျင်းပသည်။

Stellar Seven မှ မမျိုးသန္တာထိုက်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမြတ်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းငြိမ်းနှင့် ဒါရိုက်တာ မလိခစိုးထိုက်အောင်တို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် Stellar Seven မှ မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း (MJA) ရန်ပုံငွေအတွက် ငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းရာ MJA မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**သူဇာနွယ် (ဖျာပုံ)**

## ရွှေဘို၊ စစ်ကိုင်းဇုန်သို့ ခရီးသွား ၇၀၀၀ ကျော်ဝင်ရောက်

**မုံရွာ မေ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရီးသွားဇုန်နှင့် စစ်ကိုင်းခရီးသွားဇုန်အတွင်းသို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလကုန်အထိ ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှု ၇၀၄၈ ဦးရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ရွှေဘိုဇုန်အတွင်းရှိ နန်းတော်ရာ၊ မဟာနန္ဒာကန်၊ ဦးအောင်ဇေယျအောင်မြေနှင့် မွေးရပ်မြေ၊ ဟန်လင်းပျူမြို့ဟောင်း၊ နွယ်ငြိမ်းစဉ့်ထည်လုပ်ငန်း၊ အင်ဒေါင်းကျေးရွာရှိ ဇရာဝတီလင်းပိုင်ကြည့်သည့် ခရီးသွားလုပ်ငန်းတို့အား အများဆုံးဝင်ရောက်လည်ပတ်ကြပြီး စစ်ကိုင်းဇုန်အတွင်းရှိမင်းကွန်းပုထိုးတော်ကြီး၊ ကနောင်သံချက်ဖို၊ အစေခံခံတပ်၊ ကောင်းမှုတော်စေတီ၊ မြစေတီတို့ကို အများဆုံးဝင်ရောက် လည်ပတ်ကြကြောင်း သိရသည်။

ရွှေဘိုခရီးသွားဇုန်အတွင်း ခရီးသွားဝင်ရောက်မှုအနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပြည်တွင်းခရီးသွား ၃၁၁ ဦး၊ ပြည်ပခရီးသွား ၁၂ ဦး၊ ဖေဖော်ဝါရီလတွင် ပြည်တွင်းခရီးသွား ၂၇၂ ဦး၊ ပြည်ပခရီးသွား လေးဦး၊ မတ်လတွင် ပြည်တွင်းခရီးသွား ၄၁၁ ဦး၊ ပြည်ပခရီးသွား ၁၀ ဦး၊ ဧပြီလတွင် ပြည်တွင်းခရီးသွား ၃၈၃ ဦးနှင့် ပြည်ပခရီးသွား ၁၀ ဦး စုစုပေါင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၁၄၁၃ ဦးရှိခဲ့ပြီး စစ်ကိုင်းခရီးသွားဇုန်တွင်လည်း ဇန်နဝါရီလတွင် ပြည်တွင်းခရီးသွား ၁၃၆၁ ဦး၊ ပြည်ပခရီးသွား ၂၂၁ ဦး၊ ဖေဖော်ဝါရီလတွင် ပြည်တွင်းခရီးသွား ၈၁၉ ဦး၊ ပြည်ပခရီးသွား ၁၆၄ ဦး၊ မတ်လတွင် ပြည်တွင်းခရီးသွား ၁၃၀၉ ဦး၊ ပြည်ပခရီးသွား ၁၁၇ ဦး၊ ဧပြီလတွင် ပြည်တွင်းခရီးသွား ၁၅၆၇ ဦး၊ ပြည်ပခရီးသွား ၇၇ ဦး စုစုပေါင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၅၆၃၅ ဦးရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြ

**ဘားအံ မေ ၁၀**
ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စုတန် ၄၀၀၀ ဘိလပ်မြေစက်ရုံဝင်းအတွင်း မေ ၉ ရက် နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်မီးသတ်ဦးစီးမှူး သန့်ဇင်ဝင်း၊ သံလွင်အနောက်ခြမ်းမီးသတ်တပ်စုမှူး သိန်းဇော်မိုး၊ ပေးဆပ်သူ လူမှုကူညီရေးပရဟိတအဖွဲ့၊ ဘိလပ်မြေစက်ရုံမှူး ဗိုလ်မှူးကြီး(ငြိမ်း) ညိုဝင်းတို့က မီးသတ်ယာဉ်သုံးစီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

## ဥရောပနေ့အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲတွင် ဂန္ထဝင်တေးသီချင်းများဖြင့် ဖျော်ဖြေမည်



၂၀၁၉ ဥရောပနေ့ ဂီတဖျော်ဖြေပွဲအတွက် လေ့ကျင့်တီးခတ် ပြင်ဆင်နေကြစဉ်။ (ဓာတ်ပုံ-EU in Myanmar)

**ရန်ကုန် မေ ၁၀**

၂၀၁၉ ဥရောပနေ့အထိမ်းအမှတ်အဖြစ် ဥရောပနှင့် မြန်မာတွေ့ဆုံခြင်း (EU Meets Myanmar) ဂီတဖျော်ဖြေပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ကြီးမှူး၍ မေ ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ Strand Hotel, Ballroom ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဂီတဖျော်ဖြေပွဲကို ကမ္ဘာလုံးဆိုင်ရာ ဘာသာစကားဖြစ်သော ဂီတမှတစ်ဆင့် မတူကွဲပြားမှုများ ပေါင်းကူးပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

"ဂီတက မတူညီတဲ့ ယဉ်ကျေးမှု၊ ရိုးရာတွေနဲ့ နိုင်ငံတွေကြားက အင်အားကြီးမားတဲ့ ပေါင်းကူးတံတားဖြစ်ပါတယ်။ ဒီဂီတဖျော်ဖြေပွဲကတစ်ဆင့် ဥရောပရဲ့ တက်ကြွတဲ့စိတ်ဓာတ်နဲ့ နွေးထွေးမှုတွေကို မြန်မာပြည်သူတွေနဲ့အတူ မျှဝေခံစားချင်ပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Kristian Schmidt က ပြောသည်။

အခမ်းအနားတွင် မြန်မာသံစုံတီးဝိုင်းအဖွဲ့ (Orchestra for Myanmar)၊ ကလေးငယ်များ သံစုံသီကျူးအဖွဲ့ (New Children's Choir)၊ Strand Singers အဖွဲ့နှင့် ပါရမီရှင်လူငယ်တေးဂီတပညာရှင်များက European Union Youth Orchestra မှ ဆရာဆရာမဟောင်းများနှင့်အတူ ဥရောပဂန္ထဝင်သံစဉ်များ၊ မြန်မာနှင့် ဥရောပရိုးရာတေးသီချင်းများကို ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ဂီတဖျော်ဖြေပွဲကို စိတ်ဝင်စားသူမည်သူမဆို ဝင်ကြေးအခမဲ့ ဦးရာလူစနစ်ဖြင့် ည ၇ နာရီထက် နောက်မကျဘဲ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ဇေယျာ**

## ရွှေ့လျားကျန်းမာရေးစစ်ဆေးကုသမှုဆောင်ရွက်



**ဇမ္ဗူသီရိ မေ ၁၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာတင်မြတ်ထွေးနှင့် ကျန်းမာရေးဝန်ထမ်း ၂၀ တို့သည် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဟောပြောအသိပညာပေးခြင်း၊ စစ်ဆေးကုသပေးခြင်းတို့ကို မေ ၉ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံတွင် ပြုလုပ်သည်။

သွားနှင့်ခံတွင်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို ဒေါက်တာဇော်ဇော်အောင်က အသိပညာပေးဟောပြောကာ စစ်ဆေးကုသပေးသည်။ ဆရာမဒေါ်နန္ဒာရွှေ (အမျိုးသမီးကျန်းမာရေး) က နွေရာသီကာလ အပူဒဏ်အန္တရာယ်ကာကွယ်ရေး သိကောင်းစရာများ၊ ဒေါ်အေးအေးလတ် (ဘက်စုံသားဖွားမီးယပ်) က ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးနှင့် ဒေါက်တာနွန်ကိန်းက အထွေထွေရောဂါမဖြစ်ပွားရေးတို့ကို ဟောပြောခြင်း၊ စစ်ဆေးခြင်း၊ ကုသခြင်းများ ဆောင်ရွက်ကြသည်။

ကျန်းမာရေးစစ်ဆေးကုသမှုခံယူသော လူနာစုစုပေါင်း ၅၀ ရှိကာ ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

## ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေး



**ရသေ့တောင် မေ ၁၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ တိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို နယ်လှည့်ကွင်းဆင်းပြီး ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်က အောင်စည်ကုန်းနှင့် အောက်ကျောင်းတောင်၊ မေ ၉ ရက် မွန်းတည့် ၁၂ နာရီက ရွှေကျင်ဘုန်းတော်ကြီးကျောင်းနှင့် ဧညဝတီဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတို့၌ ပြုလုပ်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရသေ့တောင်မြို့နယ် ကုသရေးဦးစီးမှူး ဒေါက်တာနေလင်းထွေးနှင့် ဝန်ထမ်းများက ပြည်သူ ၆၅ ဦးအား သွေးပေါင်ချိန်ပေးခြင်း၊ ဆီးချိုသွေးချိုစစ်ပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများပေးအပ်ခြင်း၊ အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရန် ဟောပြောပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်အေးအေးအောင်နှင့် ဝန်ထမ်းများက အပူဒဏ်အန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် စာတတ်သူတိုင်း စာဖတ်ကြရန် တိုက်တွန်းပြောကြားပြီး ကလေးငယ်များနှင့် မြတ်နိုးချစ်ခင်ပတ်ဝန်းကျင်စာအုပ်အား စာဖတ်ဝိုင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## မြို့အဝင်အမှိုက်ပုံ အမြန်ဆုံးရွှေ့ပေးစေလို

**ညောင်လေးပင် မေ ၁၀**

ညောင်လေးပင်မြို့အဝင် (ညောင်လေးပင်-မဒေါက်-ရွှေကျင်) ကားလမ်းဘေးတွင် တည်ရှိသော အမှိုက်ပုံမှာ လူနေအိမ်၊ စာသင်တိုက်များနှင့်နီးခြင်း၊ လမ်းသွားလမ်းလာများအပါအဝင်ပတ်ဝန်းကျင်မှ ပြည်သူများအနံ့ဆိုးများ ရှူရှိုက်နေရခြင်း၊ ယာဉ်သွားလမ်းကျဉ်းမြောင်းစေပြီး ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်ခြင်းနှင့် မီးဘေးအန္တရာယ်စိုးရိမ်နေရခြင်းတို့ကြောင့် မြို့နှင့်ဝေးသည့်နေရာသို့ ပြောင်းလဲသတ်မှတ်၍ စနစ်တကျစွန့်ပစ်ဖို့လိုအပ်နေကြောင်း ဒေသခံပြည်သူများက ပြောကြားသည်။

ယခုအခါ မြို့အဝင်ကားလမ်းမဘေးတွင် အမှိုက်ပုံမှာ လမ်းမပေါ်အထိပါ အမှိုက်များရောက်နေသောကြောင့် မိုးရွာလျှင် အမှိုက်ပုံ၏အနံ့အသက် ပိုမိုဆိုးရွားစွာထွက်ရှိကာ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။ ယခုကဲ့သို့ အမှိုက်များ လမ်းမပေါ်ရောက်နေ၍ အနံ့ဆိုးများထွက်ရှိနေခြင်းသည် မြို့သန့်ရှင်းသာယာလှပရေးကို ထိခိုက်စေသည့်အတွက် အမြန်ဆုံးနေရာရွှေ့ပေးဖို့လိုအပ်လျက်ရှိကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်

**ဇန်းမောက် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့တွင် မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၉ ရက် ညနေ ၃ နာရီက ဇန်းမောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဇန်းမောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးမင်းက မသန်စွမ်းသူ ၁၁၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနကိုယ်စား ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နတ်တလင်း မေ ၁၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲကို မေ ၈ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

တိုင်းဒေသကြီးဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဒေါ်ဝင်းဝင်းမာနှင့်အဖွဲ့သည် လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် မြို့နယ်အတွင်း ပြိုလဲအိမ် ၁၅ လုံး၊ လူဦးရေ ၆၆ ဦးအတွက် ဆန်ရိက္ခာတစ်ပတ်စာထောက်ပံ့ငွေကျပ် ၁၃၈၆၀၀၊ အမိုးလန်နေအိမ် ၂၅၁ လုံးနှင့် အမိုးလန်ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်းတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ခြင်း၊ အသုံးအဆောင်ပစ္စည်း ၁၆ မျိုးပါ ပုံးတစ်ပုံးနှုန်းနှင့် စုစုပေါင်းငွေကျပ် ၁၁၅၅၀၈၅၀ တို့ကိုပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်က လက်ခံရယူခဲ့သည်။

**တင်မြင့် (နတ်တလင်း)**

### တိုတိုထွာထွာဖတ်စရာ

## ရွှေနတ်ကူစေတီတော်တွင် ဘုရားဖူးများဖြင့်စည်ကား

**မော်လမြိုင်ကျွန်း**

၁၂၇၁ ခုနှစ်တွင် တည်ထားခဲ့သော မော်လမြိုင်ကျွန်းမြို့နယ် မစိုးရိမ်ကျေးရွာရှိ ရှေးဟောင်း မဟာအတုလမာန်အောင် ရွှေနတ်ကူ ဆုတောင်းပြည့်စေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

ယင်းရှေးဟောင်း ရွှေနတ်ကူစေတီတော်အား ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကြီးမှူး၍ ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် စေတီတော်အား ၂၈ တောင်စေတီတော်အဖြစ် တည်ထားပူဇော်ခဲ့ပြီးနောက် လွန်ခဲ့သော ၁၀ နှစ်ခန့်မှစ၍ ရှေးဟောင်းရွှေနတ်ကူစေတီတော်မှာ ယိုယွင်းပျက်စီးလာသဖြင့် မတည်အလှူရှင် ဦးခင်လှမိသားစု (အောင်ရတနာဖြိုး လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး) ရန်ကုန်မြို့က မတည်ပြီး ကျေးရွာပေါင်းစုံ အလှူရှင်များက ပြန်လည်မွမ်းမံ တည်ထားပူဇော်ခဲ့ကြောင်း စေတီတော်တည်ထားရေးအဖွဲ့က ပြောကြားသည်။

**မော်ကျွန်း-မြင့်အောင်**

## ကမ္ဘာ့ကြက်ခြေနီနေ့ စုပေါင်းအမှိုက်ကောက်ဂုဏ်ပြု

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းဦးဆောင်သော ကြက်ခြေနီမောင်မယ်များသည် မေ ၈ ရက်က သီပေါဘူတာနှင့် သီပေါချောင်းသာမြစ်ဆုံ(ချောင်းဆုံ) ရှုခင်းသာတွင် ပြည်သူ့အကျိုးပြု လူမှုရေးလုပ်ငန်း အမှိုက်ကောက်ခြင်းကို ဆောင်ရွက်ကြသည်။

ထို့အပြင် သီပေါပြည်သူ့ဆေးရုံသွေးလှူဘဏ်တွင် သွေးများကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ကားလမ်းပိတ်ဆို့နေမှု ဝိုင်းဝန်းဆောင်ရွက်

**ရန်ကုန်**

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမ (ဗားကရာကျော်အနီး) ရှိ ကုန်းပေါ်မှ အမြင့် ၃၅ ပေခန့်၊ လုံးပတ် နှစ်ပေခန့်ရှိသော သက်တမ်း ၁၅ နှစ်ခန့်ရှိ တမာပင်ကြီးမှာ မေ ၈ ရက် ညနေ ၅ နာရီခွဲခန့်က ပြိုလဲမှုကြောင့် လျှပ်စစ်ကြိုးများပြတ်တောက်ပြီး ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်(၂)မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းဦးဆောင်၍ မြို့နယ်စည်ပင်၊ လျှပ်စစ်၊ မီးသတ်၊ ယာဉ်ထိန်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရပ်ကွက်ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ပေးမှုကြောင့် အချိန်တိုအတွင်း ယာဉ်ကြောပွင့်သွားပြီး လျှပ်စစ်မီးများ ပြန်လည်ရရှိခဲ့သည်။

**တင်ဝင်းတင်**

# MYAWADDY BANK LIMITED

**ON THE SUCCESSFUL IMPLEMENTATION OF ORACLE HARDWARE & DATABASE**

**Heartiest Congratulations to Myawaddy Bank**
for successful Go-live of Oracle Hardware and
Oracle Database Implementation
for Core Banking Digital Transformation and
Card Management System within a short time frame.

**We highly appreciate and
heartiest thanks to every team member
from Myawaddy Bank for your co-operation and
contribution in digital transformation journey.**

MYANMAR GOLDEN ROCK
(TOP BEST SELLER IN ORACLE AWARD 2018)
Myanmar Golden Rock Int'l Co., Ltd.
Address : 6th Floor (Level 7),
Building 18, MICT Park,
Hlaing Township, Yangon, MYANMAR.
Tel : + 95 1 654810 to 19 & 654844 to 48
Fax : + 95 1 654820
Website : mgr.com.mm

ORACLE
Oracle Corporation (Thailand) Co., Ltd.
16th Floor, Ramaland Bldg.,
952 Rama IV Rd,
Suriyawong, Bangkok, THAILAND.

VINTCOM
Vintcom Technology Co.,Ltd
No.502C, 5th Floor, Pearl Condo,
Corner of Kabaraye Pagoda and
Soyar San Road, Bahan Tsp,
Tel: +95 1 545 557

## အသင်းဝင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ ရာသက်ပန်အသင်းဝင်များသည် ကွယ်လွန်ခဲ့ကြသူများ၊ အမည်စာရင်းထပ်နေသူများ၊ နုတ်ထွက်ခဲ့ကြသူများရှိနေပါသည်။ ထို့ပြင်အသင်းစည်းမျဉ်း ဥပဒေအပိုဒ်(၂၂)၊ အပိုဒ်ခွဲ (ဆ)အရ နေရပ်ပြောင်းရွှေ့ကြသူများသည် အကြောင်းကြားရန် ဥပဒေရှိနေပါသောကြောင့် အသင်းကြီးနှင့် ကင်းကွာမှုမရှိစေရေး ပြန်လည်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အသင်းဝင်ပုံစံများ ပြန်လည်ဖြည့်စွက်နိုင်ရန်နှင့် အသင်းဝင် အသိအမှတ်ပြုကတ်ပြားအသစ် ပြန်လည်ထုတ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လိုပါသောကြောင့် အသင်းကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ တစ်ဆင့်ဖြစ်စေ အောက်ပါအချက်အလက်များကို ၃၁-၅-၂၀၁၉ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ကြပါရန် မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

<u>လိုအပ်သောအချက်များ</u>

(က) အမည်၊ (ခ) အသင်းဝင်အမှတ်၊ (ဂ) အဖအမည်၊ (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ (င) မွေးသက္ကရာဇ်၊ (စ) လူမျိုး၊ (ဆ) ကိုးကွယ်သည့်ဘာသာ၊ (ဇ) အလုပ်အကိုင်၊ (ဈ)သွေးအုပ်စု၊ (ည)ပညာအရည်အချင်း (ဋ) ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ်

၃။ လူကိုယ်တိုင်လာရောက်ပါက လက်ရှိအသင်းဝင်ကတ်ပြားနှင့်ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၂)ပုံ တစ်ပါတည်း ယူဆောင်လာရန်ဖြစ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**
**အမှတ် ၇၇/၇၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## "ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်"

မြောက်ဒဂုံ၊ (၂၈)ရပ်ကွက်၊ ဝန်ထမ်းကြီးအပိုင် စောရန်ပိုင်လမ်း၊ RCတစ်ထပ်တိုက်ပေ(၇၀×၈၀) ဂရန်အမည်ပေါက်၊ သိန်း(၂၃၀၀) အလျှော့တင်းရှိ၊ ရှေ့လှည့်ကွန်ကရစ်လမ်းအသစ်၊ ACသုံးလုံး MBR(1),BR(2), ဘိုထိုင်အိမ်သာ(၂)လုံး။

**ဖုန်း-၀၉-၉၇၉၇၀၇၂၄၄၊ ၀၉-၆၉၁၈၄၇၇၂၈**

**အောင်မင်္ဂလာ**
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
**09428773300**
**09428773355**

## ဘွဲ့ရအရှင်မြတ်များနှင့် စာအောင်သံဃာဂုဏ်ပြုပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကင်းမြို့နယ်၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တပညာသာမိ၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တဝိစက္ခဏအရှင်မြတ်တို့နှင့် သာသနာနုဂ္ဂဟအသင်းစာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း ၁၃၈၁-ခုနှစ်၊ ကဆုန်လပြည့် ၁၈-၅-၂၀၁၉ရက်(စနေနေ့) နံနက် ၈း၃၀ နာရီတွင် ပဥ္စနိကာယဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်များ**
**ပဥ္စနိကာယသာသနာနုဂ္ဂဟအဖွဲ့**
**ဖုန်း-၀၉-၂၅၀၀၁၇၈၅၅၊ ၀၉-၂၅၀၀၁၇၈၅၆**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

**(နယ်သီးသန့်နှင့် မခိုင်းရသေးသောကားများ)**

၁။ Hijet 2008, 9N. Bgo. 4wd, P/s,A/c, Auto. Alloy CD (ကီလို ၅သောင်းကျော်)
၂။ Hijet 2007, 5M. Bgo. 2wd, P/s,A/c, Auto CD (ကီလို ၁သိန်းအောက်)
၃။ Hijet 2007, 7N. Bgo. 2wd, P/s,A/c, Auto CD အမိုးခြေနင်းပါ (ကီလို ၈ သောင်းဝန်းကျင်)
၄။ Hijet 2009, 1N. Mdy, 4wd ထရန်စဖာကီယာဘုပါ။ CD,M.gear.P/s,A/c.Alloy.Onw ၄ လုံးအသစ်၊ အမိုး ခြေနင်းပါ (ကီလို ၅ သောင်းဝန်းကျင်)
၅။ Hijet 2006, 1L. Mdy (လူအမည်ပေါက်) Auto, 4wd P/s,A/c,Air bag အမိုးခြေနင်းပါ။ (ကီလို ၁ သိန်းအောက်)

**ဆက်သွယ်ရန် - ၀၉- ၄၂၁၁၅၃၃၄၀၊ ၀၉- ၅၁၅၄၁၉၃၊ ၀၉-၇၆၅၁၃၁၀၈၀၊ ၀၉-၂၅၄၂၄၉၅၀၅**

## ကားသန့်သန့်ရောင်းမည်

**(လုံး၀ မသုံးရသေးသော ကားလေးများ)**

၁။ Hijet 2007 9N.Mdy(Jumbo) 2wd, Auto, P/s, A/c Pw.dvd Alloy (အော်)ခဲရောင်၊ (ကီလို ၄၅၀၀၀ သောင်းကျော်) Key Remode(2) ချောင်း၊ အော်ဆေးပတ်လည် (ပြန်ဆေးမပါ) အမိုး၊ ခြေနင်းပါ။
၂။ Hijet 2008, 3P, Bgo. M.gear, 4wd, P/s, A/c အမိုး၊ ခြေနင်းပါ (ကီလိုနဲနဲလေး)အော်ဆေး

**ဆက်သွယ်ရန် - ၀၉-၅၁၅၄၁၉၃၊ ၀၉-၇၆၅၁၃၁၀၈၀၊ ၀၉-၂၅၄၂၄၉၅၀၅**

## ပျောက်ဆုံး

ကျွန်တော် မင်းသူနိုင်[၁၂/ပဇတ(နိုင်)၀၃၂၅၃၇] CDCအမှတ် 95088၏ PSCRCလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၂၉၃၂၂**

**ဒဂုံမြို့သစ်**
**(ဆိပ်ကမ်း)(တောင်ပိုင်း)**
**(အရှေ့ပိုင်း) မြေကွက်များ**
**ဝယ်လိုသည်။**
**Ph: 0943075129**

**N.G.E.S အင်္ဂလိပ်စာ သင်တန်း**
**(ပုံမှန် နှင့် ဖွေးရာသီ) တန်းခွဲများ**
(Speaking, Listening, Reading & Grammar + Essay & Letter Writing)
(B.C) ESOL: Starters, Movers, Flyers & KET, PET
(ပုံမှန်) Regular သင်တန်းများအတွက်
5 % Discount
09 5079896, 09 965005219, 09 799675960

## ရုပ်သံကျွမ်းကျင်(၂) (တိုင်းရင်းသား)၊ အသံလွှင့်ကျွမ်းကျင်(၂) (တိုင်းရင်းသား)၊ အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးများ စာမေးပွဲစစ်ဆေးမည့်နေ့ရက်ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရုပ်သံကျွမ်းကျင်(၂) (တိုင်းရင်းသား)၊ အသံလွှင့်ကျွမ်းကျင်(၂)၊ (တိုင်းရင်းသား)၊ အငယ်တန်းအင်ဂျင်နီယာ(၂) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ခေါ်ယူထားသော ရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများအား ရေးဖြေစစ်ဆေးခြင်းကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသည်-

(က) ရေးဖြေစစ်ဆေးမည့်နေ့ရက် - ၁-၆-၂၀၁၉ရက်(စနေနေ့) ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
နေရာ - နေပြည်တော်၊ တပ်ကုန်း
(ခ) ဖြေဆိုရမည့်ဘာသာရပ် - မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ
(ဂ) ခုံအမှတ်ကပ်မည့်နေရာ - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)
- မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့။

၂။ မိမိတို့ဖြေဆိုရမည့် ခုံနံပါတ်များကို ၂၈-၅-၂၀၁၉ရက်နှင့် ၂၉-၅-၂၀၁၉ရက်များတွင် ရုံးချိန်အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)သို့ လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ ကိုယ်တိုင်လာရောက် သတင်းပေးပို့ထုတ်ယူရမည်ဖြစ်ပြီး၊ ကိုယ်ရေးရာဇဝင်ပုံစံဖြည့်စွက်ရမည်ဖြစ်ပါသည်။

၃။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ရေးဖြေ/လူတွေ့လာရောက်ဖြေဆိုရန် မလိုအပ်ပါကြောင်း ဆက်သွယ်အကြောင်းကြားထားပြီးဖြစ်ပါသည်။ မိမိတို့အမည်၊ ခုံနံပါတ်များ စာရင်းပါဝင်မှု ရှိ/မရှိနှင့် ဖြေဆိုရမည့်စာရင်းများအား ရုံးချိန်အတွင်း ၀၆၇-၇၉၁၈၅/၀၆၇-၇၉၁၈၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ စာမေးပွဲဖြေဆိုမည့်သူများသည် စာမေးပွဲဖြေဆိုမည့် ၁-၆-၂၀၁၉ ရက်တွင် ပညာအရည်အချင်း၊ အောင်လက်မှတ်(မူရင်း)၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၅။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများ၏ ခုံနံပါတ်များနှင့် အောင်မြင်သူများအတွက် လူတွေ့စစ်ဆေးမည့်ရက်ကို ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းကြေညာပေးမည်ဖြစ်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်**

**တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏**



# Victoria University College ၏ နဝမ အကြိမ်မြောက် HND အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနား

VICTORIA UNIVERSITY COLLEGE

ISO 9001: 2015 CERTIFIED

BTEC

## CONGRATULATIONS TO OUR HND GRADUATION CLASS OF 2019

မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှုအတွက် ပုဂ္ဂလိက ပညာရေးကဏ္ဍမှ အောင်မြင်မှု အရှိဆုံး ကြိုးပမ်းမှုအဖြစ် ဂုဏ်ယူစွာ ကြေငြာအပ်ပါသည်

PEARSON (UK) HND LEVEL 5 IN BUSINES, COMPUTING, CIVIL ENGINEERING, ELECTRICAL & ELECTRONICS ENGINEERING, MECHANICAL ENGINEERING, HEALTH & SOCIAL CARE အတွက် **VICTORIA UNIVERSITY COLLEGE** မှ အောင်မြင်သူများ

### BUSINESS

| | |
|---|---|
| Myat Phoo Ngone | Pai Soe Kyaw |
| Phoo Thinzar Latt | Han Min Aung |
| Thant Hpone Htet | Phyu Phyu Khine |
| Sett Paing Oo | Kaung Min Htet |
| Khin Yadanar Moe | Dewi Aung |
| Phyo Zin Han | May Pwint Thu |
| Min Htin Phyoe | Yoon Yee Thwe |
| Khaing Waddy Thaw | Kay Khine Phyo |
| Hnin Ei Shwe Yie | Ye Htet Aung |
| Naw Zine Shin | Arkar Aung * |
| Kyaw Hsu Thway | Su Paing Oo |
| Aye Aye Mon | Kyaw Soe Thu |
| Than Than Aung | Min Aung Myo Htun * |
| Aye Nyein Aung | Thinchay Thet Htet |
| Thura Aung Win | Myat Noe May |
| Yoon Wutyi Khaing | Htike Yin Win * |
| May Madi Soe | Kaung Zaw Htet |
| Kaung Myat Paing | Alingar Phyoe * |
| Myat Thin Chal | Phyo Wai Linn |
| Min Khant Aung | Kyaw Si Thu |
| Wai Yan Zin Oo | San Li |
| Wint Twal Tar Zaw | Khin Mg Htway |
| Win Naing | Eaindra Hnin Yee Aye |

### COMPUTING

| | |
|---|---|
| Hein Htet Zaw | Zin Ko Latt |
| Kyaw Zin Htun | Hein Htet |
| Phone Myint Htwe | Thuta Kyaw Soe |
| Nay Min Moe Htet | |

### HEALTH & SOCIAL CARE

| | |
|---|---|
| Khin Pyae Sone | Sai Nanda Win |
| Phoo Thitsar Chel | |

* မြူအထောက်အထားရရှိသူများသည်
ဒေစာ (၁၅) ရက်နေ့ ရောက်ပုံထားပြီး VUC တက္ကသိုလ်မှ ရရှိနိုင်ပါ
အကြောင်းကြားပါသည်

### CIVIL ENGINEERING

| | | | |
|---|---|---|---|
| Wai Yan Lynn | Kaung Myat Kyaw | Khant Zaw Thiha | Aung Kyaw Thu |
| Min Thant Ko | May Aye Khin | Ye Thet Kyaw | Htoo Aung |
| Min Hein Pyae Phyo Aung | Aye Chan Maung | Sai Wanna Aung | Aung Htet Aung |
| Kaung Khant Oo | Zaw Win Naung | Khant Nyi Nyi Aung | Myat Moe Htut |
| Aung Kyaw Oo | Thet Htar Zar | Bo Thurain swe | Aung Khant |
| Wai Yan Htet | Htet Myat Aung | Kyaw Phone Naing | Hay Zin Hsu Thitsar |
| Linn Sandar Aye | Wai Yan Paing Soe | Min Maung Maung Thee Oo | Zin Zin Myo |
| Yoon Lei Naing | Wai Phyo Aung | Aung Chan Min | Saw Min Myat Zayar Linn |
| Zar Chi Myat Noe | Zin Paing Oo | Kaung Khant Zaw | Aung Khant Kywe |
| Aye Aye Nyein | Ohkar Phyo | Thiha Zaw | Aung Kaung Myat |
| Min Thein Tun | Hein Zaw | Kyi Lei Lei Win * | Kay Zin Yu Hlaing |
| Khin Chaw Khant | Zaw Win Htut | Myat Min | Aung Min Khant |
| Htin Linn Aung | Thant Hnin Phyu Thar | Lynn Myat Thu | Khin Po Po Htoon |
| Mang Sian Thawn | Kaung Khant Moe Aung | Tay Zar Min Khant | Wai Lin Naing |
| Sai Hline Htet | Pyo Myint Myat Chel | Si Thu Win Ko | Thant Zin Oo |
| Nadi Hline Phyu | Eaint Hmu Ko | Min Htet Aung | Ye Htet Naing Toe |
| Bhone Htet Ko Ko | Kyaw Sithu | Pike Pike | Ye Min Khant |
| Moe Thouk Oo | Zaw Wai Yan Kyaw | Zaw Wanna Ko Ko | Htut Khaung Kha * |
| Kyal Syn Lin Lat | Poe Ei Htoot | Htet Myat Kyaw | Su Yee Hnin |
| Aung Thein | Myint Myat Htet | Shin Thant Kyaw | Wint Naing Naing Aung |
| Lunn Muan Van | Set Kyar Waiar Shar * | Htet Ye Htut | Nay Myo Htet Aung |
| Chan Myae Aung | Min Soe Htet | Khaing Khant Aung | Kyaw Swar Han |
| Khant Min Tun | Zaw Hein Latt | Win Thant Aung | Htet Win War |
| Myint Maung Maung | Arkar Min Myat | Nyi Nyi Zaw | Sithu Khant Zaw * |
| Ei Thinzar Maung * | Myat Min Thu | Thiha Tun | |

### ELECTRICAL & ELECTRONICS ENGINEERING

| | |
|---|---|
| San Zar Li Min Tun | Lin Htet Oo |
| Aung Thiha | Shine Oo |
| Hein Htet Zaw | Khant Wanna Min |
| Ko Ko Chit | Kyaw Myint Naing |
| Htoo Khant Kyaw | Htet Ye Kyi * |
| Htet Arkar Aung | May Thet Ngon |
| Win Htet Aung | Min Ye Maw |
| Min Thet Khaing | Nyan Lin Htet |
| Zin Moe Htet | Khin Hnin Wai |
| | Htoo Nanda Aung |

### MECHANICAL ENGINEERING

| | |
|---|---|
| Aung Phyo Min | Khun Myo Naing Win |
| Kaung Set Zan | Sithu Khant Zaw |
| Zin Lin Tun | Zaw Myo Win |
| Nyan Lin Htet | Min Khant Wai |
| Min Htet Maung Maung | Nyi Htet Naing |
| Myint Myat | Nay Htun Pyae |
| Nay Min Tun | |
| Thaw Zin Htoo | |
| Pyae Sone Hein | |

ဆက်ပြီး အောင်မြင်သူများသည် ၂၀၁၉ ခုနှစ် (ဒီဇင်ဘာ) လ ၇ ရက် (စနေ)နေ့တွင် Novotel Hotel ၌ ကျင်းပမည့် အောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပါရန်
ဖိတ်ကြားအပ်ပါသည် ဒေစာ (၁၅) ရက်နေ့ ရောက်ပုံထားပြီး
ကျောင်းသားရေးရာ – MMB Campus အမှတ် (၁၆)၊ ... နံ ၀၁-၀၀၀၀၀ သို့ ဆက်သွယ်ပါရန်

# ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်ရည်ရွယ်၍ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ ကျင်းပ






ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီတို့၏ ကမကထဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ Myanmar Investors Development Association (MIDA) နှင့် Pricewaterhouse Coopers Co. တို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် Yangon Investment Forum 2019 ကို Lotte Hotel Yangon ၌ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့၏ တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် မေ ၁၀**

| | |
|---|---|
| **ချောက်** | **ညောင်ဦး** |
| ၄၇ ဒီဂရီစင်တီဂရိတ် | ၄၅ ဒီဂရီစင်တီဂရိတ် |
| **မြင်းမူ** | **ပေါက်** |
| ၄၆ ဒီဂရီစင်တီဂရိတ် | ၄၅ ဒီဂရီစင်တီဂရိတ် |
| **မြင်းခြံ** | **ကလေးဝ** |
| ၄၆ ဒီဂရီစင်တီဂရိတ် | ၄၄ ဒီဂရီစင်တီဂရိတ် |
| **ဂန့်ဂေါ** | **စစ်ကိုင်း** |
| ၄၆ ဒီဂရီစင်တီဂရိတ် | ၄၄ ဒီဂရီစင်တီဂရိတ် |
| **မုံရွာ** | **မန္တလေး** |
| ၄၅ ဒီဂရီစင်တီဂရိတ် | ၄၄ ဒီဂရီစင်တီဂရိတ် |

## မြန်မာ ယူ-၁၅ အမျိုးသမီးအသင်း တီမောကို ၂၆ ဂိုးသွင်းပြီး ပွဲဦးထွက်အနိုင်ရ

**နေပြည်တော် မေ ၁၀**

၂၀၁၉ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ အုပ်စု (က) ပထမနေ့ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပရာ မြန်မာအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

**မြန်မာ ယူ-၁၅ - ၂၆ ဂိုး**
**တီမော ယူ-၁၅ - ဂိုးမရှိ**

မြန်မာအသင်းသည် တီမောအသင်းကို ခြေစွမ်းပြကစားကာ ဂိုးပြတ်သွင်းယူပြီး အဖွင့်လှသွားခဲ့သည်။ မြန်မာအသင်းသည် တီမောကို အဘက်ဘက်က အသာစီးရခဲ့ပြီး ဂိုးနှစ်ဒါဇင်ကျော် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ၁၅ ဂိုး၊ ဒုတိယပိုင်းတွင် ၁၁ ဂိုးသွင်းခဲ့ပြီး ဆုမြတ်နိုးက တစ်ဦးတည်း ခုနစ်ဂိုးသွင်းကာ ဂိုးအများဆုံးသွင်းပေးခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲ ဂိုးပြတ်အနိုင်ရလဒ်ကြောင့်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**




မြန်မာနှင့် တီမောအသင်း ယှဉ်ပြိုင်နေစဉ်။

